www.burmeseclassic.com

ဟာသစစ်စစ်
လုံးချင်းဝတ္ထုသစ်



BURMESE CLASSIC .com

# ပြည့်ပိုင်မြှားအိမ်

# မိုးဏ အကြောင်း လာမပြောနဲ့

www.burmeseclassic.com

www.burmeseclassic.com

# ပုသိမ်ပိုင်မျိုးအိမ်

# ဖူးစာ အကြောင်း လာမပြောနဲ့

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၇၇)၊ ဒုထပ်(ယာ)၊ ၃၇-လမ်း၊

ဖုန်း - ၂၄၅၂၇၄၊ ၃၇၉၄၇၇

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ပြည့်ပိုင်မှူးအိမ်၏ စာအုပ်အမှတ်စဉ် (၂၄)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၁၃၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၁၀၅၀၆၀၉ |
| အဖုံး ဒီဇိုင်း | - | ဟိန်းမင်းခေါင် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၇လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | (၈၀-ခ)၊ သံလွင်လမ်း ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းယု |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ခုနှစ် ဇူလိုင်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅.၈၃

ပြည့်ပိုင်မှူးအိမ်

ဖူးစာအကြောင်း လာမပြောနဲ့ / ပြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်။
တော်ဝင်မြို့မစာအုပ်တိုက် ၊ ၂၀၀၉ ။
၁၁၈ - စာ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။
(၁) ဖူးစာအကြောင်း လာမပြောနဲ့

The Women Cries Before the Wedding

and the men after.

မိန်းကလေးများကတော့ဖြင့်ကား

လက်မထပ်မီမှာ ငိုကြ၏

ယောက်ျားလေးများမှာမူ

လက်ထပ်ပြီးနောက်ပိုင်း ငိုကြွေးလေ့ရှိ၏

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"မကြီးရေ . . .

. . . မကြီးရေ . . ."

အိမ်အဝင်ဝမှနေ အော်ရင်းဝင်လာသော သားဖြစ်သူ၏ ခေါ်သံကြောင့် သတင်းစာဖတ်နေသော ဖခင်ဖြစ်သူက တစ်ချက် လှည့်ကြည့်သည်။

မိခင်ဖြစ်သူ ဒေါ်ယုကတော့ ဖတ်လက်စစာအုပ်ကို ပိတ်ကာ သားဖြစ်သူကို ကြည့်သည်။

"ဟဲ့ . . အလန့်တကြားနဲ့ ဘာတုံး . . ."

ဒေါ်ယု၏ ခပ်ဆောင့်ဆောင့်အမေးအဆုံးမှာ သားဖြစ်သူ တိုးမောင်က ရယ်ကျဲကျဲဖြင့် 'အဟက်' ဟု တစ်ချက်ရယ်သည်။ ပြီး မရဲတရဲ ရှက်ဝဲဝဲဟန်ဖြင့် မိဘနှစ်ပါးကိုကြည့်သည်။

ပြီး . . .

"သား . . မကြီးတို့ကို ပြောစရာရှိလို့ . . ."

ခေါင်းကိုကုတ်ပြီး ရှက်ကိုးရှက်ကန်းကြီးလုပ်ကာနေသော သားတော်မောင်ကိုကြည့်ရင်း ဖခင်ဖြစ်သူ ဦးဖြိုးမောင်က . . .

"ဘာလဲကွ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ဆတ်ဆတ်ဆိုသည်။

"ဧကန္တတော့ မုန့်ဖိုးကုန်ပြန်ပြီနဲ့တူတယ် . . . စကားပြောခွင့်တွေ ဘာတွေတောင် တောင်းလို့ . . ကဲ . . ပြော . . ဟုတ်တယ်မဟုတ်လား . . ."

ဒေါ်ယုက သားဖြစ်သူ၏ ဆံပင်ကို သပ်တင်ပေးရင်းက ဆိုသည်။

"မဟုတ်ဘူး . . မေကြီးရ . ."

"ဟင် . . အဆန်းပါလား . . ဒါဖြင့် ဘာကိစ္စလဲ . . ပြော"

ဒေါ်ယု၏အမေးကို တိုးမောင်က ချက်ချင်းကြီး မဖြေသေး။ မိခင်ဖြစ်သူကိုရော၊ ဖခင်ဖြစ်သူကိုပါ အားတုံ့အားနာဟန်ဖြင့် ကြည့်သည်။

အတန်ကြာမှ . . .

"သား . . သား မိန်းမ ခိုးလာတယ် . . မေကြီး . ."

"ဘာ . . ."

ဒေါ်ယု၏လက်မှစာအုပ်က ဖျတ်ခနဲလွတ်ကျသည်။ သတင်းစာနှင့်မျက်နှာကို မခွာသေးသော ဦးဖြိုးမောင်က သတင်းစာကို ပိတ်သည်။

"မင်း . . မင်း ဘာပြောလိုက်တယ် . . သား . . ."

ဒေါ်ယုက ကြမ်းပေါ်ကျသွားသောစာအုပ်ကို ကမန်းကတန်းပြန်ကောက်ရင်းက မေးသည်။

ဦးဖြိုးမောင်ကတော့ သားတော်မောင်၏ နှုတ်မှထွက်လာမည့်စကားကို မျက်လုံးကြီးပြူးရင်း နားစွင့်ကာနေသည်။

တိုးမောင်က ဘယ်နှကြိမ်မြောက်မှန်းမသိ ခေါင်းကို ကုတ်သည်။ ပြီး . . ရှက်ကိုးရှက်ကန်းပုံစံဖြင့်ပင် . . .

"သား . . သား မိန်းမခိုးလာတယ် မေကြီး . . ."





ဒီတစ်ခါတော့ ဒေါ်ယုတစ်ယောက် 'ဘာ' ဟု စောစောကလို မရေရွတ်နိုင်တော့။ ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိကာ . .

"ဘုရား . . ဘုရား . . ကဲ . . ကဲ . . ပြောစမ်း . . . ဘယ်သူလဲ . . ဘယ်ကလဲ . . ."

ဒေါ်ယုစကားမဆုံးခင်မှာပင် ဦးဖြိုးမောင်က ကြားဖြတ်၍

"အခု သူဘယ်မှာလဲ . . ."

တိုးမောင်ကတော့ မိဘနှစ်ပါး၏မေးခွန်းများကို မဖြေသေး။ အိမ်တံခါးဝဘက်ကို မလုံမလဲ တစ်ချက်လှည့်သည်။ ပြီးမှ . . .

"မေကြီးရဲ့မေးခွန်းကို အရင်ဖြေရရင် သူ့နာမည်က နုနုတဲ့ . . ရန်ကုန်ကပါပဲ . . . သူ အခု အိမ်ထဲလိုက်မဝင်ရဲလို့ အိမ်အပြင်မှာ စောင့်နေတယ် . . ."

တိုးမောင်၏ စကားအဆုံး၌ ဒေါ်ယုက ဦးတိုးမောင်ကို ကြည့်သည်။ ပြီး လက်တို့ကာ . . 'နုနု' တဲ့ ဟု ဆိုသည်။

"ကဲ . . . နုတာတွေ၊ ရင့်တာတွေ အသာထားပါကွာ . . ကဲ . . သား . . အိမ်အထိတောင်ပါလာပြီဆိုမှတော့ ခေါ်လိုက်ပါတော့ကွာ . . ."

ဦးဖြိုးမောင်ကား မိန်းမဖြစ်သူကိုဆိုရင်း တစ်လက်စတည်း သားဖြစ်သူကို ဆိုသည်။

ဖခင်ဖြစ်သူ၏စကားအဆုံးမှာ တိုးမောင်တစ်ယောက် လက်ခနဲ ဝမ်းသာအားရပြုံးရင်း အိမ်အဝင်တံခါးဘက်လှည့်ကာ . . .

"နုရေ . . ဖေကြီးနဲ့မေကြီးက ဝင်လာခဲ့တဲ့ . . ."

တိုးမောင်၏ ခေါ်သံအဆုံး၌ အိမ်အဝင်တံခါးဝ၌ ဘွားခနဲပေါ်လာသော အရိပ်ကိုကြည့်ရင်း ဒေါ်ယုတို့လင်မယားနှစ်ယောက်ပါးစပ်တွေ အဟောင်းသားဖြစ်ကာ မျက်လုံးကိုယ်စီပြူးတာ မှင်သက်မိသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ ဒေါ်ယုက အောက်ချထားသော ခြေနှစ်ချောင်းကို ကမန်းကတန်း ဆက်တီပေါ်တင်ကာ ဒူးကိုကွေးပြီး လိမ်ကျစ်လိမ်ကျစ်ဖြင့် မရဲတရဲဝင်လာသူကိုကြည့်ကာ . . . .

"ဟဲ့ . . ဟဲ့ . . ဘူကြီးတုံး . . အဲလေ . . ဘယ်သူကြီးတုံး"

ဟု အလန့်တကြားမေးသည်။

မျက်နှာကြီး ရှုံ့မဲ့ကာဆိုသော ဒေါ်ယု၏စကားအဆုံး၌ ဦးဖြိုးမောင်က မချိသွားဖြစ်စတိုင်လ်ဖြင့် မပွင့်တပွင့်ဟန်ဆောင်ပြုံးရင်း . . .

"ဩော် . . မနုနု ဝင်ခဲ့ပါဆိုတာကို . . မနုက ရှက်ပြီး မဝင်ရဲလို့ သူ့အမေကြီးဝင်လာတာနဲ့ တူတယ် . . ."

ဦးဖြိုးမောင်၏စကားကြောင့် လိမ်ကျစ်လိမ်ကျစ်ဖြင့် ကျောပိုးအိတ်ကိုကိုင်ကာ ရှက်ကိုးရှက်ကန်းအမူအရာဖြင့် ဝင်လာသော အမည်မသိ မိန်းမကြီးသည်လည်းကောင်း၊ သားတော်မောင်သည်လည်းကောင်း မျက်နှာပျက်ယွင်းကာ သွားသည်။

"သားတော်မောင် အပေအတေကို ယူမယ့်လူရှိမှရှိပါ့မလားလို့ ရင်တထိတ်ထိတ်နဲ့ ဖြစ်နေရတာ . . အခုမှပဲ ရင်ထဲက အလုံးကြီး ဝုန်းခနဲ ကျသွားတော့တယ် . . . လာပါ . . ထိုင်ပါ . . အစ်မကြီး . . အတော်ပဲ ဒုက္ခခံဖက်တော့ ရပြီ . . ကဲ . . ကဲ . . မနုကိုခေါ်လိုက်ပါ အစ်မကြီးရဲ့ . . အားနာစရာ မလိုပါဘူး . . ခမည်းခမက်တွေ ဖြစ်ရတော့မယ့် . . မယ့် . . ."

"မေကြီး . . ."

ဒေါ်ယု၏စကားမဆုံးခင်မှာပင် 'မေကြီး' ဟု မျက်စိပျက်မျက်နှာပျက်ဖြင့် ဟန့်သော တိုးမောင်ကို ဒေါ်ယုက 'ဘာလဲ' ဟူသောအမူအရာဖြင့် ကြည့်သည်။

"ဘယ်က ခမည်းခမက်တွေ လျှောက်ပြောနေတာလဲ . .



BURMESE CLASSIC .com



သားပြောတဲ့ မမနုဆိုတာ . . . သူ . . ."

"မမနုဆိုတာ . . . သူ . . ."

ဟု အားပါးတရဆိုရင်း သားတော်မောင် လက်ညှိုးထိုးပြလိုက်သူကိုကြည့်ရင်း ဦးဖြိုးမောင်ရော၊ ဒေါ်ယုပါ အချိန်အတော်ကြာသည်အထိ ပါးစပ်ဟောင်းသားဖြင့် မှင်သက်တွေဝေမိသွားကြသည်။

အတန်ကြာမှ . . ဦးဖြိုးမောင်က . . .

"မ . . . မမနု . . ဆိုတာ . . ဒါကြီးလား . . အမယ်လေး . . ငါ့သားရဲ့ . . . မင်း . . . မင်း နောက်နေတာလား ဟင်"

မျက်နှာကြီး ရှုံ့မဲ့ကာဆိုသော ဦးဖြိုးမောင်၏ စကားကို တိုးမောင်ရော၊ မမနုဆိုသူကပါ မကြား . . တစ်ဦးကိုတစ်ဦး ချစ်ရည်လူးသောအကြည့်များဖြင့် ကြည်နူးနေကြသည်။

"မေး . . မေးနေတယ်လေ . . . သားရဲ့ . . မင်းပြောတဲ့ မမနုဆိုတာ . . သူ . . . သူလား . . ."

စိတ်မရှည်သူပီပီ ဒေါ်ယုက ဆိုးဆိုးဆတ်ဆတ် ခပ်သွက်သွက်ပင် မေးသည်။ ဒေါ်ယု၏အမေးကို တိုးမောင်က မဖြေ။ ဖြေမယ့်ဖြေတော့ မမနုဆိုသူက ကြက်ကြီးလည်လိမ်ထားသလို လည်ပင်းကြီးကို စောင်းငမ်းငမ်းကြီးလုပ်ကာ လက်နှစ်ဖက်ကိုပွတ်ရင်း ရှက်ဖဲ့ဖဲ့ဟန်ဖြင့် . . . .

"ဟုတ် . . ."

ဟု ဆိုသည်။

မမနုဆိုသူက 'ဟုတ်' ဟု ဆိုလိုက်ချိန်မှာ ဦးဖြိုးမောင်နှင့် ဒေါ်ယုရင်ထဲမှာတော့ 'ဒုတ်' ခနဲ မြားစိုက်သွားသလို ကိုယ်စီ ကိုယ်စီ ခံစားလိုက်ကြရသည်။

ဦးဖြိုးမောင်တို့ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဘယ်ကစလို့ ဘာပြောရမှန်းမသိအောင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ တစ်ဦး၏အကြည့်ကိုတစ်ဦးက သိရှိနားလည်နေကြသည်။

ဦးဖြိုးမောင်၏အတွေးမှာတော့ ....

"သားရယ် ... ဒီ သက်ကြီးဝါကြီးမိန်းမကို မင်းမို့လို့ ရှာရှာဖွေဖွေကွာ ... မင်းတော့ မသိဘူး .. ငါတောင် ဒီခုနစ်အို၊ ရှစ်အိုကြီးကိုကြည့်ပြီး သားစိတ်၊ မယားစိတ်တောင် ကုန်ချင်လာတယ် .. ကြည့်လေ .. အော်ဂလီဆန်လေပဲ ... အေ့ ... ဝေါ့ .."

ဟု တွေးနေမိသလို .. ဒေါ်ယုအတွေးမှာလည်း ...

"မဖြစ်ဘူး .. မဖြစ်ဘူး .. ငါ့သားကို နာမည်သာနုပြီး လူမနုတဲ့ ဟာကြီးနဲ့တော့ မပေးစားနိုင်ဘူး ... လက်လွန်ခြေလွန် မဖြစ်သေးခင် တားလို့ရရင် တားမှဖြစ်မယ် ...."

ဟု တွေးမိသည်။

သို့နှင့် ...

"သား .. ခိုးပြေးလာတယ်ဆိုတဲ့စကားကို မေမေ မကြိုက်ဘူး ... ဒီတော့ မိသားဖသားပီပီ မေမေတို့ စီစဉ်ပေးမယ် ... ဒီတော့ မိုးမချုပ်ခင် ... မင်း ... သူ့ကို သူ့မိဘအိမ် ပြန်ပို့လိုက်"

ဒေါ်ယု၏စကားကို သားတော်မောင်က မျက်နှာပျက်မသွားသည့်အပြင် 'ဟက်' ခနဲပင် ရယ်လိုက်သေးသည်။

"မလိုပါဘူး မေကြီးရ .. မမနုမှာက မိဘတွေ မရှိကြတော့ဘူး .. မမနုအိမ်မှာ .. သူ့ထက်ငယ်တဲ့ သူ့တူမတွေပဲ ရှိတယ် ... လက်ထပ်စာချုပ်မှာလည်း လက်မှတ်ထိုးထားပြီးပြီ ... ဘယ်သူ့မှ သွားအပ်နေစရာ၊ ခွင့်တောင်းနေစရာ မလိုဘူး .. မမနုတို့အိမ်မှာ မမနုက အကြီးဆုံး .. မမနုထက်ကြီးတာတောင် မမနုလောက် မကြီးဘူး ... အဟက် ဟက် ..."

အူမြူးနေသော သားဖြစ်သူကိုကြည့်ရင်း ..





"စိတ်မှ နုံ့သေးရဲ့လား ...."

ဟု ဒေါ်ယုတွေးမိသည်။ စာချုပ်မှာ လက်မှတ်ထိုးပြီးပြီ ဆိုမှတော့ သူမ ဘာမှမတတ်နိုင်တော့။

ယောက်ျားဖြစ်သူကို လှမ်းကြည့်ပြန်တော့လည်း ဦးဖြိုးမောင်ဘစ်ယောက် မျက်နှာကြီးရှုံ့မဲ့ကာ စိတ်ပျက်လက်ပျက်ပုံကြီး ဖွက်ကာနေသည်ကို တွေ့ရ၏။ သူလည်း ဘာပြောလို့ပြောရမည်မှန်း စဉ်းစားရဟန်မတူ။

"အို ... ငယ်ငယ်ရွယ်ရွယ်နဲ့ ရုပ်ရင့်နေတဲ့ လူတွေလည်း ရှိတာပဲလေ .. ငါ တစ်ဖက်လှည့်နဲ့ ဒင်းရဲ့အသက်ကိုမေးကြည့်ဦးမှ"

ဒေါ်ယု ခေါင်းကို နှစ်ချက်ခန့်ညိတ်ရင်း တွေးမိသည်။ ထို့နောက် တစ်လက်စတည်းပင် ....

"ဒါနဲ့ .. သားရဲ့ .. မ ... မမနုအသက်က ဘယ်လောက်ရှိပြီလဲ ဟင် ..."

သားဖြစ်သူကို ကြည့်ကာ မေးလိုက်သော်လည်း သားလုပ်သူက မဖြေ။ 'ဖြေလိုက်လေ' ဆိုသော သဘောဖြင့် မမနုဆိုသူကို မေးဆတ်ပြသည်။

မမနုက လက်နှစ်ဖက်ကိုပွတ်ရင်း 'ဟက်' ခနဲ ရှက်စနိုးဟန်ဖြင့် ရယ်သည်။ ပြီး ....

"မီးရဲ့ အတက် ... အဲလေ .. အသက်က ... ဘာရှိဦးမှာလဲ ... မေကြီးရဲ့ .. တစ်နေ့ကမှ သုံးဆယ့်ငါး ... ပြည့် ... တာ ..."

"ဘာ ..."

မမနု၏အဖြေကြောင့် ဦးဖြိုးမောင်တို့ လင်မယားနှစ်ယောက်စလုံး 'ဘာ' ခနဲ အံ့အားတသင့် ရေရွတ်မိကြသည်။

"ဒီရုပ်ဒီရည်ကြီးနဲ့ သုံးဆယ့်ငါးဆိုတာ ယုံကိုမယုံနိုင်ဘူး ..



www.burmeseclassic.com

www.burmeseclassic.com



အမှတ်များမှားနေတာလား ဟင် . . ."

မျက်နှာကြီးရှုံ့မဲ့ကာဆိုသော ဒေါ်ယု၏စကားကြောင့် မမနုက ဟက်ခနဲ ရယ်သည်။ ပြီး . . .

"မီးက မေကြီးတို့ကို နောက်ချင်လို့ အသက်နည်းနည်းလေး လျှော့ပြောထားတာပါ . . . အဟင်း . . ."

"ဒါ . . နောက်စရာလား . . ကဲပါ . . ပြော ပြော . . ဘယ်လောက် လျှော့ပြောထားလဲ . . ."

မျက်နှာကြီးမဲ့ရှုံ့ကာဆိုသော ဒေါ်ယု၏စကားအဆုံးမှာ မမနုက လက်ဆယ်ချောင်းကို ထောင်ကာ . . .

"ဆယ်နှစ်ထဲပါ . . . မေကြီးရဲ့ . . . ဆယ်နှစ်ထဲ . . ."

"ဘာ . . ."

ဒီတစ်ခါ 'ဘာ' လိုက်သူကတော့ ဒေါ်ယု မဟုတ်။ ဦးဖြိုးမောင်ဖြစ်သည်။

"ဒါ . . . ဒါဖြင့် . . . လေး . . . လေးဆယ့်ငါး . . . ပေါ့"

"ဟုတ် . . ."

အထစ်ထစ်၊ အငေါ့ငေါ့ဖြင့် မေးသော ဦးဖြိုးမောင်၏ စကားကို သူမက ခေါင်းခပ်နွဲ့နွဲ့ညိတ်ရင်း 'ဟုတ်' ဟု တစ်လုံးတည်းဆိုသည်။

ဒေါ်ယုက 'အမလေးလေး' ဟု ရေရွတ်ရင်း ညာဘက်လက်က ရင်ဘတ်ကိုဖိကာ ဘယ်ဘက်လက်က နားထင်ကို ထောက်သည်။ ပြီး ယောက်ျားဖြစ်သူဘက် လှည့်ကာ . . . .

"ယောက်ျားရေ . . . ကျုပ် . . . ကို . . ရှူဆေးဗူးလေးတစ်ချက်လောက် ယူပေးစမ်းပါတော် . . . ခေါင်းထဲ တဒိတ်ဒိတ်နဲ့ ဖြစ်နေလို့ . . ."

"အာ . . . ဂါက မင်းကို ရေခပ်ခိုင်းမလို့လုပ်နေတာ . . .





ဒီမှာ ရင်တွေပူပြီး ရင်တုန်ပမ်းတုန်ရှိလွန်းလို့ . . ."

ဒေါ်ယု၏စကားကို ဦးဖြိုးမောင်က ငိုသံပါချင်ချင်အသံဖြင့် တုံ့ပြန်သည်။ ငိုသံပါဆို သူတို့လင်မယားနှစ်ယောက်စလုံး အခုမှ အသက်လေးဆယ့်လေးနှစ် ကိုယ်စီသာရှိသေးသည်ကိုး။

"ကြည့်ရတာ မေကြီး . . ခေါင်းနည်းနည်းအုံနေတယ် ထင်ဘယ် . . ."

မမနုဆိုသူက ဒေါ်ယုကိုကြည့်ရင်း ဆိုလိုက်သည်မို့ ဒေါ်ယု တွန့်ခနဲဖြစ်သွားသည်။

"ခေါင်းက နည်းနည်းအုံနေတာ မဟုတ်ဘူး . . . အများကြီးကို အုံနေတာ . . . အမလေး . . . ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး . . ."

"မီး . . . ဇက်ကြောဆွဲပေးရမလား ဟင် . . ."

မမနုက အင်္ကျီလက်ကိုပင့်တင်ရင်း ဒေါ်ယုကိုမေးသည်မို့ ဒေါ်ယုတစ်ယောက် တီကောင်ကို ဆားနှင့်တို့သလို တွန့်ခနဲဖြစ်ကာ သွားပြန်သည်။

"နေ . . . နေ . . . ရ . . . ဒယ် . . . ရ . . . ဒယ်"

မိမိထက် အသက်တစ်နှစ်ပင်ကြီးနေသေးသော မမနုဆိုသည်ကိုကြည့်ရင်း ဒေါ်ယု ဆောင့်ဆောင့်အောင့်အောင့်ပင် ပြောဖြစ်သည်။

အတွေးထဲမှာတော့ . . . .

"အမလေး . . . အရပ်ကတို့ရေ . . . ကြားလို့မှ ကောင်းကြသေးရဲ့လား . . ချွေးမလုပ်တဲ့သူက ယောက္ခမတွေထက် အသက်ကြီးနေသတဲ့ . . . အမလေး . . . လေး . . သမီးလို့ ခေါ်ပြန်ရင်လည်း ငရဲက ကြီးဦးမယ် . . . အစ်မလို့ ခေါ်ရအောင်ကျတော့လည်း သူကကိုယ့်ချွေးမ . . . အဲဒီမှာ စတွေ့တာပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးရှုံ့မဲ့ကာ အော်ဂလီဆန်သောမျက်နှာဖြင့် အတွေးနယ်ချဲ့နေသော ဒေါ်ယုလိုပင် ဦးဖြိုးမောင်တစ်ယောက်လည်း စိတ်ထဲမှ ကြိတ်ကာ သားဖြစ်သူကို အားမလို အားမရဖြစ်နေမိသည်။

"တောက် . . . အသက်နှစ်ဆယ့်လေးနှစ်ပဲရှိတဲ့မင်းက . . . ကိုယ့်ဖအေထက်တောင်ကြီးတဲ့ ဒီခုနစ်အိုရှစ်အိုကြီးကိုကွာ . . . ဝေါ့ လို့တောင် ထိုးအန်ပစ်ချင်သေးတယ် . . . ဒီလောက် မိန်းမတွေ ပေါနေတဲ့ဟာကို . . . ဒါကြီး . . 'မ' လာရသလား ငါ့သားရဲ့ . . . အမလေး . . . ကြည့်ရင်း . . . ကြည့်ရင်းနဲ့ . . . ရွံတာ . . ."

ဖခင်ဖြစ်သူရော၊ မိခင်ဖြစ်သူပါ ကြေကွဲနေသလောက် သားဖြစ်သူတိုးမောင်ကတော့ ဘာကိုမှ မရိပ်မိဘဲ အပျော်ကြီးပျော်ကာ နေသည်။

မိန်းမဖြစ်သူကို ဆံပင်လေး သပ်တင်ပေးလိုက်၊ မေးဖျားလေးကိုင်လိုက်ဖြင့် ပတ်ဝန်းကျင်ကိုတောင် မေ့ကာနေသည်။

"အဟမ်း . . . အဟမ်း . . ."

တမင်လုပ်ကာ ဆိုးသော ချောင်းဆိုးသံကို ဦးဖြိုးမောင်က အကျယ်ကြီးလုပ်ကာ ဆိုးတော့မှ တိုးမောင်က အီစီကလီလုပ်နေမှုကို အရှိန်သတ်ပြီး 'အဟဲ' ဟု ရယ်သည်။

ပြီး . . .

"မမနုကို သားက အဖျားဆွတ်ပြီးတော့သာ . . . မမနုလို့ ခေါ်နေရတာ . . . တကယ်တမ်း မမနုရဲ့နာမည်အပြည့်အစုံက . . . 'ဝင်းနုချောသန့်' တဲ့ . . . အဟဲ . . နာမည်နဲ့လူနဲ့ လိုက်တယ် မဟုတ်လား . . ."

"ဘာတဲ့ . . . ဝင်း . . . နု . . . ချော . . . သန့် . . . ဟုတ်လား . . ."

ဒေါ်ယုက မျက်နှာကြီးကို အစွမ်းကုန် ရှုံ့မဲ့ရင်းမေးသည်။





"ဟုတ် . . ."

ဒေါ်ယု၏အမေးကို ဖြေသူက သားတော်မောင် မဟုတ်။ ချွေးမအသစ်စက်စက်ကလေး . . . အဲလေ . . . ချွေးမအသစ်စက်စက်ကြီး . . ဝင်းနုချောသန့်ဖြစ်ကာနေသည်။

အိုဟာတွေဖြစ်နေသော ရှက်တက်တက်အမူအရာဖြင့် ကြက်ကြီးလည်လိမ်ကာ ကျလာသလို ခေါင်းကို ဆတ်ခနဲ 'ဟုတ်' ဟု ညိတ်သော ချွေးမအသစ်စက်စက်ကြီးကိုကြည့်ရင်း ဦးဖြိုးမောင်တို့ လင်မယားနှစ်ယောက် ပြုံတော့မည့်မိုးလို ငိုချင်ချင်မျက်နှာကိုယ်စီဖြင့် စိတ်ပျက်လက်ပျက်ကြီး ကြည့်နေကြသလောက် သားဖြစ်သူ တိုးမောင်တတော့ သူ့မိန်းမ ချစ်ဇနီးလေး . . . အဲ . . . အဲ . . ချစ်ဇနီးကြီးကို ကြည့်ကာ မိုးမမြင်၊ လေမမြင် ပျော်ကာနေသည်။

"မေကြီးတို့ကလည်း . . . သား မေးတာကို မဖြေဘူး . . . သားရဲ့မမနုက နာမည်နဲ့လူနဲ့ လိုက်တယ် မဟုတ်လား လို့"

ဒုတိယမ္ဗိမေးလိုက်သော သားဖြစ်သူ၏စကားကြောင့် ဒေါ်ယုတို့လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်သည်။

ဒေါ်ယုက အော်၍ငိုပစ်ချင်စိတ်ကို ချုပ်ထိန်းထားရင်းက ချွေးမဖြစ်သူကို စိတ်ပျက်လက်ပျက်ဖြင့် ကြည့်ဖြစ်သည်။

ပြီး . .

"အမလေး . . . လိုက်ပါ့တော် . . . နာမည်နဲ့လူနဲ့ လိုက်ပါ့ . . . နုနေလိုက်တာများ နုနု . . . နုနုနဲ့တောင် မြည်နေသေးတယ် . . . ဝေါ့ . . ."

တကယ်တမ်း 'ဝေါ့' ဆိုတာက ဒေါ်ယုရင်ထဲမှ 'ဝေါ့' လိုက်ခြင်းသာ ဖြစ်သည်။ မဲ့ကာရွဲ့ကာဆိုသော ဒေါ်ယု၏စကားအဆုံးမှာ ဦးဖြိုးမောင်ကလည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"နာမည်နဲ့လိုက်အောင် ချောလိုက်၊ သန့်လိုက်တာကလည်း ကိုရီးယားမင်းသမီး ရှုံးပါတယ်ကွာ . . . ဟင့် . . ."

ဦးဖြိုးမောင်သည်လည်း ဒေါ်ယုနည်းတူ ရင်ထဲမှပင် 'ဟင့်' ဖြစ်သည်။ ငိုသံပါကြီးနှင့် ခပ်ရွဲ့ရွဲ့ဆိုသော ဦးဖြိုးမောင်၏စကား အဆုံးမှာ မမနုက ရှပ်ကြမ်းကြီးနှင့်နွဲ့ကာ လက်ဖဝါးနှစ်ဖက်ကို ပွတ် ရင်း ရှက်ကာနေသည်။

"အာ . . . ဖေကြီးနဲ့မေကြီးကလည်း မီးကိုမြှောက်နေပြန် ပြီ . . . မီး မနေတတ်တော့ဘူး . . . ရှက်လာပြီ . . . အဟက် ဟက်"

လက်ညှိုးကို ကဗျာမဆန်စွာ ကိုက်ရင်းဆိုသော မမနုကို တိုးမောင်က ချစ်မဝသောမျက်လုံးအစုံဖြင့် ကြည့်နေသလောက် ဒေါ်ယုတို့လင်မယားနှစ်ယောက်ကတော့ ပေစောင်း ပေစောင်းဖြင့် မသတီသလိုကြည့်သည်။

"အမလေး . . . လေး . . . မီးက . . မီးကနဲ့ လာနွဲ့နေ သေးတယ် . . . ငါ ပိတ်တီးလိုက်ရ . . ."

ဦးဖြိုးမောင် တွေးမိသော အတွေးဖြစ်သည်။

"ဟွန်း . . . ရှက်နေတာကလည်း ရှက်နေတာနဲ့ မတူဘူး . . ဘီလူးအထီးကို ပါတိတ်ဝမ်းဆက်ဝတ်ပေးပြီး မျက်ခွက်ကိုပေါင်ဒါ ရိုက်ပြီးတော့ နွဲ့ခိုင်းထားသလိုပဲ . . . ရုပ်ကြီးကလည်း မခန့်တာ။ မြင်နေရတာကိုက ခေါင်းကိုက်တယ် . . . ရှေ့က ပဲထုတ်တာပဲ ကောင်းမယ်"

ဒေါ်ယုတွေးမိသော အတွေးဖြစ်သည်။

"ကဲ . . ကဲ . . မင်းတို့လည်း ပင်ပန်းရောပေါ့ . . သွား သွား . . . သွားနားကြ . . . အမေလည်း ခေါင်းနောက်နေလို့ ပန်းခြံ ထဲ လမ်းလျှောက်ဦးမယ် . ."

ဒေါ်ယုစကားအဆုံးမှာ ဦးဖြိုးမောင်ကလည်း ခေါင်းညိတ်





သည်။

"အေး . . ဟုတ်ပါ့ . . ဖေကြီးလည်း မေကြီးနဲ့ လမ်းလျှောက် လိုက်မယ် . . ညောင်းပြီး ခေါင်းက ငြီးစီစီဖြစ်နေတယ် . . ထိုင်နေရ တာ သရိုးသရီနဲ့ အန်ချင်နေသလိုမျိုးကြီး . . ."

စကားအဆုံးမှာ ထရပ်သော ဒေါ်ယုတို့လင်မယားနှစ် ယောက်စလုံး မနု၏ 'နေပါဦး' ဟူသော စကားကြောင့် ထိုင်ရမလို ထရမလိုကြီး ဖြစ်သွားရသည်။

"ကြည့်ရတာ . . ဖေကြီးတို့နှစ်ယောက် ညောင်းညာနေတာ နဲ့ တူတယ် . . မီး . . နှိပ်ပေးမယ်လေ . . ဖေကြီးကို အရင်နှိပ်ပေးရမ လား . . မေကြီးကို အရင်နှိပ်ပေးရမလား . . ဒါမှမဟုတ် နှစ်ယောက် စလုံးကို စုံနှိပ်ပေးရလား . . ."

မမနု၏ စကားအဆုံးမှာ ဒေါ်ယုတို့လင်မယားနှစ်ယောက် လန့်ဖျပ်ကာသွားသည်။ ယောက္ခမထက် အသက်ပိုကြီးနေသော ချွေးမ၏အနှိပ်အနယ်ကို သူတို့လင်မယား မခံရဲ။ နေရင်းထိုင်ရင်း ငရဲတွေ ဘာတွေ ကြီးနေမှ အခက်။

"နေပါ . . . ရပါယ် . . . ရဒယ် . . မညောင်းဘူး . . ."

ဒေါ်ယုက ကမန်းကတန်း လက်ကာရင်း ငြင်းသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် မမနုက ဖေကြီးတို့လင်မယား ထက် အသက်ပိုကြီးတယ်ဗျ . . . သိရဲ့လား . . ."

ဦးဖြိုးမောင်က ခပ်ရိရိပင် တမင်ပြောပစ်လိုက်သည်။ သူ့ ကိုယ်သူ ကျွန်တော်ဟု သုံးနှုန်းရမည်ကလည်း မကောင်းသည်မို့ ဖေကြီးဟုသာ လျှာယားယားနှင့် ဆိုဖြစ်သည်။

အသက်ပိုကြီးသည်ဟု အပြောခံလိုက်ရသော်လည်း မမနု တစ်ယောက်ကတော့ တုန်လှုပ်ဟန်မပြ။

ခေါင်းမော့ကာ ဟက်ခနဲဟုပင် ရယ်သွမ်းလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီ . . .

"အ . . . ဟော် . . . ဘာများလဲလို့ . . မီးက အသက်အားနှင့် ကြီးပေမယ့် ဝါအားဖြင့်ကျတော့ ဖေကြီး၊ မေကြီးတို့က ကြီးတယ် မဟုတ်လား . . လို့ . . . မီးက ခုမှ အိမ်ထောင်သက်တစ်ပတ်တောင် မရှိသေးဘူး . . ပြောရတာ ရှက်တောင် ရှက်လာပြီ . . . အဟက် . . ဟက် . . ပြီးတော့ အသက်ဘယ်လောက်ငယ်ငယ် ဖေကြီးတို့က ယောက္ခမဖြစ်နေပြီဆိုတော့ ဂါရဝတရားက ရှေ့ထားရတော့မယ် မဟုတ်လား . . ဘာတဲ့ . . ပူဇာစ ပူဇနေယျာနံ . . . ပူဇော်ထိုက်သူကို ပူဇော်တာ၊ ဂါရဝေါစ နိဝါတောစ ဆိုသလို ဂါရဝတရားထားသင့်သူကို ဂါရဝထားတာ မင်္ဂလာမဟုတ်လား . . လေးလေးစားစားနဲ့ ပြုစုမှာဆိုတော့ အားနာစရာမလိုပါဘူး . . ."

မမနု၏စကားကြောင့် ဒေါ်ယု ကျောချမ်းသွားရသည်။ ယောကျ်ားဖြစ်သူ ဦးဖြိုးမောင်ကို ကြည့်ပြန်တော့လည်း ဦးဖြိုးမောင်တစ်ယောက် အူယားသွားဟန်ဖြင့် ပခုံးကိုတွန့်သည်။ ချွေးမအသစ်စက်စက်ကြီးကို ဘာပြန်ပြောလိုက်ရမှန်းပင် မသိတော့။

"ကဲ . . ကဲ . . မေကြီး အရင်အနှိပ်ခံမလား . . ဒါမှမဟုတ် ဖေကြီးအရင်အနှိပ်ခံမလား . . နှစ်ယောက်စလုံးကို စုံနှိပ်ပေးရမလား . . ."

အင်္ကျီလက်ကိုပင့်ရင်း လက်တပြင်ပြင်ဖြင့်ဆိုသော မမနု၏စကားကြောင့် ဒေါ်ယုက မသိမသာပခုံးကို ကျုံ့သည်။ ပြီး ခေါင်းကိုခါသည်။

"အမလေး . . . မ . . . မ . . . မနှိပ်တော့ပါဘူး . . မိန်းမရေ . . မင်း ညောင်းနေတယ် မဟုတ်လား . . မင်း အနှိပ်ခံချင်ခံလိုက်လေ . . ."

ဦးဖြိုးမောင်က မျက်လုံးပြူးကြီးဖြင့် ငြင်းသည်။





— ပြီး မိန်းမဖြစ်သူ ဒေါ်ယုကို အရောက်ပို့သည်။

ဦးဖြိုးမောင်၏စကားကြောင့် ဒေါ်ယုက ခေါင်းကို ဘယ်ညာဆယ်ခါလောက် ဒတ် ဒတ်မြည်အောင်ရမ်းရင်း . . .

"မ . . . မညောင်းဘူး . . တော်ညောင်းရင် . . တော်အနှိပ်ခံပါလား . . . ကျုပ်က ဘယ်တုန်းကမှ ညောင်းတတ်ညာတတ်တဲ့လူမှ မဟုတ်တာ . . ."

ပျာပျာသလဲ ငြင်းနေသော ဒေါ်ယုတို့လင်မယားနှစ်ယောက်၏အဖြစ်ကို အကင်းမပါးရှာသော တိုးမောင်က မရိပ်မိ။ သူ၏ ဇနီးအသစ်စက်စက်ကြီးဂုံသာ တစိမ့်စိမ့်ကြည့်ကာနေသည်။

ပြီးမှ . .

"ကဲပါလေ . . . ဖေကြီးတို့၊ မေကြီးတို့ မညောင်းသေးရင်လည်း နောက်မှနှိပ်ပေးတာပေါ့ မမနုရာ . . ကဲ . . ကဲ . . အခုလောလောဆယ် ဟိုဟာလုပ်ရအောင် . . . မမနုက အိမ်ရောက်ရင် ဖေကြီးတို့ကို ကန်တော့မယ်ဆိုတာလေ . . ."

"ဘာ . . ."

တိုးမောင်၏စကားကြောင့် ဒေါ်ယုတို့လင်မယား 'ဘာ' ဟု အလန့်တကြား ပြိုင်တူဆိုရင်း အထိတ်တလန့်ဖြစ်သွားကြသည်။

"ဘာ . . . ဘာကိစ္စနဲ့ ကန်တော့မှာလဲ . . ."

"အေးလေ . . . ဒုက္ခပါပဲ . . ."

ဦးဖြိုးမောင်၏ စကားအဆုံးမှာ ဒေါ်ယုက 'အေးလေ' ဟု ထောက်ခံသည်။ အလန့်တကြားဖြစ်နေသော ဒေါ်ယုတို့လင်မယားကို မမနုကတော့ သတိမမူမိ။

သူမဘာသာသူမ ခေါင်းကြီးငုံ့လိုက် လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ဖြင့် အရှက်ကြီးရှက်ကာနေသည်။ ပြီးမှ . . .

"မီးကိုလေ . . လေး . . ဆယ်ကျော် ငါးနှစ်တွင်းမှာမှ . .



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဝက်သက်ကလေးပေါက်အောင် မောင်လေးတိုးကို မွေးပေးခဲ့တဲ့ ဖေကြီးနဲ့မေကြီးရဲ့ကျေးဇူးလို့ အောက်မေ့တဲ့အနေနဲ့ပါ . . ပြီးတော့ ဂါရဝတရားရှေ့ထားတဲ့အနေနဲ့လည်း ဖြစ်အောင်ပါ . . ."

အင်္ကျီလက်မောင်းကိုပင့်ကာ ပြောပြောဆိုဆို လက်အုပ်ချီနေသော မမနုကိုကြည့်ရင်း ဒေါ်ယုတို့လင်မယား ထိုင်ရမလို၊ ထရမလိုတွေ ဖြစ်ကာသွားကြသည်။

မိမိတို့ထက် အသက်တစ်နှစ်ခန့်ကြီးသူက လက်အုပ်တချီချီနှင့်ဆိုနေသောအခါ နေရင်းထိုင်ရင်းနှင့် မရိုးမရွကြီး ဖြစ်ကာလာသောကြောင့်ဖြစ်သည်။

"ရတယ် . . . ရတယ် . . မေကြီးတို့လင်မယားကို မမနုဂါရဝတရားထားတယ်ဆိုတာ သဘောပေါက်ပါတယ် . . ဒီတော့ကန်တော့စရာမလိုဘူး . . . ဟုတ်ပြီလား . . ."

ဒေါ်ယု၏ မျက်လုံးပြူးကြီးနှင့် လက်ဝါးကာကာ ဆိုသောစကားကို ဦးဖြိုးမောင်က ထောက်ခံသည့်အနေဖြင့် ခေါင်းလိုက်ညိတ်သည်။

"အာ . . . မရဘူး . . မရဘူး . . ဖေကြီးတို့ ဘာပြောပြော . . . မီးကတော့ ကျေးဇူးတင်လွန်းလို့ အင်းဟာ . . . အင်းဟာနဲ့ကိုကန်တော့ . . . ဦး . . . မှာ . . . ကဲ . . . ကန်တော့မယ်နော် . ."

လက်အုပ်ကြီးစွတ်ချီကာ အမှန်အကန်ကန်တော့မည့်ပုံပေါ်နေသည်မို့ ဦးဖြိုးမောင်တစ်ယောက် မျက်လုံးကြီးပြူးကာ မျက်နှာကြီးမဲ့ကာ လန့်သွားသလို ဒေါ်ယုသည်လည်း ရင်ဘတ်ကိုလက်ဖြင့်ဖိကာ အယောင်ယောင် အမှားမှားဖြင့် ဆိုဖာပေါ်မှ ရုတ်တရက်ဆောင့်ဆောင့်ထိုင်ကာ 'ဟင့်အင်းနော် . . . ဟင့်အင်း' ဟု စွတ်ငြင်းသည်။

"မိန်းမရေ . . . ပြောလို့ရမယ့်ပုံလည်း မပေါ်ဘူး . . မင်း





. . . အကန်တော့ခံချင်ခံ . . . ငါကတော့ ငရဲကြီးမခံနိုင်ဘူး . . . ပြေပြီ . . ."

ပြောပြောဆိုဆိုဖြင့် ဦးဖြိုးမောင်က ပုဆိုးကြီးမ,ကာ ထိုင်ခုံပေါ်မှ ဆင်းပြေးသည်။

"နေပါဦးတော့ . . . တော် . . အဲဒီလို ကိုယ်လွတ်မရုန်းနဲ့ . . ကျုပ်လည်း လိုက်မယ် . . ."

ဒေါ်ယုလည်း ပြောပြောဆိုဆိုပင် ဦးဖြိုးမောင်နောက် လိုက်ပြေးသည်။

တစ်ချိန်လုံး ကြောင်တောင်တောင်ဖြင့် ထိုင်နေသော တိုးမောင်က ထိုအခါမှ . . .

"ဖေကြီးနဲ့မေကြီး ဘယ်တုံးဗျ . . ."

ဟု လှမ်းအော်သည်။

မမနုကတော့ လက်အုပ်ကြီးချီထားရင်းက တဝုန်းဝုန်းဖြင့် ထပြေးသွားသော ဒေါ်ယုတို့လင်မယားကိုကြည့်ရင်း မျက်နှာငယ်လေးဖြင့် လိုက်အော်သည်။

"နေဦးလေ . . ဖေကြီးနဲ့မေကြီး . . . ကျေးဇူးတင်လွန်းလို့ အင်းဟာ . . . . အင်းဟာနဲ့ . . . ကန်တော့ဦးမယ်လို့ ဆိုနေမှ . ."

နောက်မှကပ်ပါလာသော မမနု၏အသံကြောင့် ဒေါ်ယုတို့လင်မယားနောက်ကို အလန့်တကြားလှည့်ကြည့်ကြသည်။

"အမလေးလေး . . ကြောက်ပါတယ်ဆို . . . ကြောင်နဲ့တို့ . . . တစ်ခါတည်း . . ကြောက်ပါတယ်ဆိုနေမှ . . အံကြိတ် လက်အုပ်ကြီးချီပြီးတော့ ခုနစ်သံချီ၊ ရှစ်သံချီနဲ့ လှမ်းပြီး ကြိမ်းဝါးနေသေးတယ် . . . ဟင့် . . ."

ငိုသံပါကြီးနှင့်ဆိုသော ဦးဖြိုးမောင်၏ စကားကို ဒေါ်ယုက ငိုချင်နေသော မျက်နှာကြီးနှင့်ပင် ခေါင်းညိတ်ကာ ထောက်ခံသည်။




www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပတော် . . . အမလေး . . လိုက်လာတယ်တော့ . . ပြေး . . . ပြေး . . . "

လိုက်မလာတော့ဟု ထင်ကာ ကိုယ်ရှိန်သတ်ပြီးကာမှ ဝုန်းခနဲမြင်လိုက်ရသော မမနု၏အပြေးတစ်ပိုင်း လက်အုပ်ချီနေဟန်ကြောင့် ဒေါ်ယုလန့်ကာသွားသည်။

သို့နှင့် ဦးဖြိုးမောင်တို့ လင်မယားနှစ်ယောက် တစ်ဦးတည်းသော သားတော်မောင်၏ ကောင်းမှုအကြောင်းပြုကာ ထိုနေ့က တော်တော်နှင့်ကိုယ့်အိမ်ကိုယ် မပြန်ရဲခဲ့ကြ။ ဘေးအိမ်မှာ ဝင်ပုန်းရင်း အခြေအနေ တိတ်ဆိတ်အေးချမ်းပြီဆိုကာမှ တိတ်တဆိတ်ပြန်ခဲ့ရတော့သည်။




www.burmeseclassic.com

www.burmeseclassic.com

"မင်းတော့ မသိဘူး

မိန်းမရာ . . ငါတော့ မနေ့က ပြေးလိုက်၊ လွှားလိုက် လုပ်ထားလို့လား မသိဘူး . . ညောင်းတောင့်နေတာပဲကွာ . . ."

"မိပြီ . . ."

မိန်းမဖြစ်သူကို ရင်ဖွင့်နေစဉ်မှာ နောက်မှ 'မိပြီ' ဟု ရုတ်တရက်ထ[illegible]သော မမနု၏အသံကြောင့် ဦးဖြိုးမောင် အထိတ်တလန့်ဖြ[illegible] '[illegible]အင်မလေးဗျ' ဟု လန့်အော်အော်ဖြစ်သည်။

"ဘာမ[illegible]ကာလဲ . . ."

မျက်နှာထိမျက်နှာထားဖြင့်မေးသော ဒေါ်ယု၏မေးခွန်းကို မမနုက ချက်ချင်းကြီး မဖြေသေး။ သူမ၏ စတိုင်လ်အတိုင်း လက်ဝါးနှစ်ဖက်ကို ပွတ်ကာ ရှက်ဝဲဝဲဟန် ပြုသည်။ ပြီးမှ . . .

"ဟို . . . လေ . . . မညောင်းဘူး . . မညောင်းဘူးနဲ့ . . . အခု ဖေကြီးပဲ ညောင်းတောင့်နေတာပဲလို့ ပြောလိုက်တယ် မဟုတ်လား . . . အဲဒါကို 'မိပြီ' လို့ ပြောတာပါ . . . ကဲ . . ကဲ . . သမီး ဇက်ကြောဆွဲပေးမယ်နော် . . . ဖေကြီး . . . ."

"ဟဲ့ . . . ဟဲ့ . . . မဆွဲနဲ့ . . ."





အကျီလက်ကိုပင့်ကာ လက်ကိုကွေးချည်ဆန့်ချည်ပြင်ရင်း ဆိုသော မမနုကို ဦးဖြိုးမောင်က ပခုံးကိုကျုံ့ရင်း မျက်နှာကိုရှုံ့ရင်း ကြည့်သည်။

"ဘာဖြစ်လို့လဲ ဖေကြီးရဲ့ . . ."

"ကြောက်လို့ . . ."

"ရှင် . . . ."

"သြော် . . . ဟိုဒင်းပါ . . ဇက်ကြောနေရာမှာက မေ့ကြောဆိုတဲ့ ဘာတို့ရှိတယ် မဟုတ်လား . . အဲဒီ့ မေ့ကြောတွေဘာတွေ နှိပ်မိပြီး သတိမေ့သွားမှာ ကြောက်တယ်လို့ ပြောတာ . . ."

ဦးဖြိုးမောင်နှုတ်မှ အဆင်ပြေအောင် ဆိုလိုက်ရသော်လည်း စိတ်ထဲမှာတော့ . . . .

"လက်သည်းတွေ . . တစ်တောင်သောက်ရှည်တဲ့ဟာကို အမည်းရောင် ဆိုးထားသေးတယ် . . . လက်[illegible]ဆန့်ချည် လုပ်နေတဲ့ပုံစံကလည်း နှိပ်ပေးမယ့်ပုံနဲ့ မတူဘူး . . ကုပ်ချိုးမယ့်ဒီဂိုင်းမျိုး . . . အမလေး . . . တွေးရင်းနဲ့ ကြက်သီးတောင် ထကယ် . ."

ဦးဖြိုးမောင်က ထိုသို့တွေးရင်း ပခုံးကို ကျုံ့သည်ထက် ကျုံ့သလို ဒေါ်ယုကလည်း မသိမသာဖြင့် မမနုနှင့် ဆန့်ကျင်ဘက်ကို ဇင်တရွှေ့ဆွဲကာ နေရာခိုးရွှေ့သည်။ မြားဦးက သူမဘက်လှည့်လာမည်ကို ကြောက်နေဟန်တူသည်။

ဦးဖြိုးမောင် ဘာပြောပြော မမနုကတော့ ဂရုမစိုက်။ ခေါင်းကို ဘယ်ညာ ဒတ် ဒတ်မြည်အောင် ခပ်သွက်သွက်ရမ်းသည်။ ပြီး

"ဟင့်အင်း . . . ဟင့်အင်း . . ဘာကိစ္စအနှိပ်မှားရမှာလဲ . . စိတ်ချ . . . မမှားစေရဘူး . . ကဲပါ . . အခုပဲ နှိပ်ပြမယ် . . . လာလေ . . ."

ပြောပြောဆိုဆိုဖြင့် မမနုက . . 'လာလေ' ဟု ဆိုရင်း ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးမောင်၏ဇက်ကို ဆတ်ခနဲဆွဲသည်။

"အမလေးဗျ . . ."

ရုတ်တရက်ကြီး ဇိအကုပ်ခံရသည်မို့ ဦးဖြိုးမောင်တစ်ယောက် လန့်ဖျပ်သွားပြီး 'အမလေးဗျ' ဟု အော်ဖြစ်သည်။ တား ချိန်ပင်မရလိုက်ခဲ့။ ဦးဖြိုးမောင် ဘာအော်အော် မမနုက ဂရုမစိုက်ပြီ။ ဆတ်ခနဲ၊ ဆတ်ခနဲနှိပ်ရင်း နှုတ်မှလည်း သီချင်းတစ်ပုဒ်ကို ညည်းသည်။

"ဖေဖေကြီး xxxx ဖေဖေကြီး xxxx ဖေဖေကြီးကို ချစ်တယ် xxxx ဖေဖေကြီး xxxx ဖေဖေကြီး xxxx ဖေဖေကြီးကို ချစ်တယ် xxxx"

ထွက်ပြေးရမှာလည်း မဟုတ်။ ငြိမ်ခံနေရမှာလည်း မဟုတ်မို့ ဦးဖြိုးမောင်တစ်ယောက် ငိုချင်ချင်ကြီးနှင့်ပင် မျက်နှာကြီးရှုံ့မဲ့ကာ မမနု၏ အနှိပ်ကိုခံနေရသည်။ ဒေါ်ယုကတော့ ယောကျ်ားဖြစ်သူနှင့် စိတ်ပါလက်ပါနှိပ်ပေးရင်း သီချင်းတဆိုဆိုလုပ်နေသော ချွေးမဖြစ်သူကို ကြည့်ကာ မသိမသာဖြင့် 'ဟက်' ခနဲ ခိုးရယ်ဖြစ်သည်။

အခန်းထဲမှာတော့ 'ဖေဖေကြီးကို ချစ်တယ်' ဟု ငှက်ဆိုးထိုးသံ ခပ်စူးစူးဖြင့် ဆိုကနေသော မမနု၏ အသံကသာ ဖုံးလွှမ်းလို့နေသည်။

"မှော သောက

အင်း၀ ရာဇာ အိမ်ထောင်ဖက် အသက်မရှည်ရာတဲ့ မောင်လေး သိလား . . ."

"ဘာများလဲလို့ . . မမနုရာ သိတာပေါ့ဗျ . . ."

"သိရင်ပြီးရော . . . မောင်လေးရဲ့ Propose ကိုလက်ခံတော့လေ အဲဒါတွေ အကုန်လုံးကို တွက်ချက်ပြီးမှ လက်ခံခဲ့တာ . . မ,က ဗုဒ္ဓဟူးဆိုတော့လေ . . မောင်လေးများ တနင်္ဂနွေဖြစ်နေမလားဆိုပြီးတော့ စိုးရိမ်မိပြီး ရင်တုန်လိုက်ရတာ အရမ်းပဲ . . ."

အိပ်ခန်းထဲမှနေ ဧည့်ခန်းသို့တိုင်အောင် လျှံကာထွက်လာသော စကားများကြောင့် ကြားရသည်မှာ နားခါးသွားသလိုမျိုး ဒေါ်ယုက မျက်နှာကြီးကို အစွမ်းကုန် ရှုံ့မဲ့ကာထားသည်။

ဦးဖြိုးမောင်သည်လည်း အိပ်ခန်းဘက်သို့ ပေစောင်း ပေစောင်းဖြင့် ကြည့်ပြီး . . . .

"တောက် . . ! လူကဖြင့် နေ့လားညလား မသိတဲ့အရွယ်ဖြစ်နေပြီ . . . ဒါနဲ့များ နွဲ့နေသေးတယ် . . . နားကြားပြင်း ကပ်လိုက်တာကွာ . . ."

ဟု တွေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးမောင်တို့၏ဇနီးမောင်နှံထံမှ အသံကထွက်လာပြန်သည်။

"ပြောလို့ပြောတာ မဟုတ်ဘူး . . . မောင်လေးရဲ့ . . ဟို စကားပုံရှိတယ်လေ . . . ဘာတဲ့ 'စနေနဲ့ဗုဒ္ဓဟူး ရှူးရင်တောင် ထမင်း မစော်ဘူး' တဲ့ . . မောင်လေးက စနေ၊ မမနုက ဗုဒ္ဓဟူးဆိုတော့ ရွှေလျှောက် ဒို့ထက်ပိုပြီး အထက်တန်းကျကျ၊ မျက်နှာပန်းလှလှနဲ့ နေရဦးမှာ . . . သိလား . . ."

ကြားလိုက်ရသောစကားကြောင့် ဒေါ်ယုတို့ဇနီးမောင်နှံက မျက်နှာများကို မဲ့လိုက်ကြရင်း တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ကြသည်။

ပြီး . . . အော်ဂလီဆန်သောပုံစံဖြင့် ကိုယ်စီပခုံးတွန့်ကြသည်။

"အမလေး . . လေး . . ဒီလိုမှန်းသိရင် ကျုပ်သားကို စနေနေ့မှာ မမွေးဘဲ အောင့်ထားပြီး တနင်္ဂနွေနေ့မှ မွေးပါတယ်တော်"

မခံချိမခံသာဖြင့် အံကိုကြိတ်ကာဆိုသော ဒေါ်ယု၏စကားကြောင့် ဦးဖြိုးမောင်က 'အေးကွာ' ဟု ရယ်ချင်ပက်ကျိဖြင့် တုံ့ပြန်သည်။

"တူမတွေကိုလည်း ပြောထားရတယ်လေ . . မောင်လေးရယ် . . ဓမ္မာ သောက အင်းဝ ရာဇာ ဆိုတာမျိုးတွေရယ် . . . နောက် . . . ဥသာ၊ စိန်ပန်း၊ ဒန်းလှ ကိုရှာဆိုတာမျိုးတွေပေါ့ . . . သူတို့က ဓမ္မာ သောက အင်းဝ ရာဇာ ဆိုတာတွေ ဘာမှသိတာ မဟုတ်ဘူး . . . ဗုဒ္ဓဟူးသမီး တူမတစ်ယောက်က ဆိုရင် တနင်္ဂနွေသားတစ်ယောက်နဲ့ဖြစ်နေလို့ အတော်ကြီးပြောယူလိုက်ရတယ် . . . သိတယ်မဟုတ်လား . . . 'ဗုဒ္ဓဟူးနဲ့ တနင်္ဂနွေ . . ကျွန်မ အရင်သေ' တဲ့ . . . အမိပွါယ်ကတော့ ဗုဒ္ဓဟူးနဲ့တနင်္ဂနွေသာယူလို့ကတော့ မိန်းမလုပ်သူက အညံ့ရှိပြီး အရင်သေရင်သေ၊ မသေရင်လည်း ကျန်း





မာရေး၊ စီးပွားရေးတွေ ညံ့တယ်တဲ့ . . ."

"ဟုတ်လား . . ."

မမနု၏ ဟုတ်မှန်း၊ မဟုတ်မှန်း မသိသော စကားတို့ကို တိုးမောင်က 'ဟုတ်လား' ဟု ဆိုသည်။ ဧည့်ခန်းမှာထိုင်နေသော ဒေါ်ယုတို့လင်မယားကတော့ မျက်မှောင်ကိုယ်စီကုတ်ကာ တိုးမောင်တို့ အခန်းဘက်ကို ပေစောင်း ပေစောင်းဖြင့်ကြည့်ကာ ပွစိ ပွစိဖြင့် ရွတ်ကြသည်။

"ဒါနဲ့ စကားမစပ်လေ . . မောင်လေးတို့အိမ်မှာ အဝတ်လျှော်၊ ထမင်းချက်တွေ လုပ်ဖို့တို့၊ အိမ်သန့်ရှင်းရေးလုပ်ဖို့တို့ အတွက် အကူ မခေါ်ထားဘူးနော် . . . ."

"ဟုတ်တယ် . . မေကြီးက အိမ်မှုကိစ္စတွေကို သိပ်နိုင်နင်းတာ မမနုရ . . ထမင်းချက်၊ ဟင်းချက်လည်း ကောင်းတယ် . . . အကူခေါ်ဖို့ ပြောပေမယ့် မေကြီးက မခေါ်ဘူး . . ကျန်းမာရေးလေ့ကျင့်ခန်းလည်း လုပ်ပြီးသားဖြစ်အောင်တဲ့ . . . အိမ်မှုကိစ္စတွေ အကုန် . . မေကြီးပဲ ဒိုင်ခံလုပ်တာ . . ."

"အဲဒါမှ ပြဿနာပဲ . . ."

"ဘာဖြစ်လို့လဲ . . ."

"ဘာဖြစ်ရမှာလဲ . . . မမနုက ဒီအချိန်ထိ ထမင်းဟင်း ကောင်းကောင်းမချက်တတ်ဘူး . . ."

"အာ . . . ရပါတယ် . . မေကြီးဆီက ဖြည်းဖြည်းစီ သင်ပေါ့ . . . ."

ကြားရသောစကားကြောင့် ဒေါ်ယုက မချိပြုံးပြုံးသည်။ 'ဒီအသက်အရွယ်အထိတောင် ထမင်းဟင်းမချက်တတ်ဘူးတဲ့ . . ကြားလို့မှ ကောင်းကြသေးရဲ့လား' ဟု တွေးဖြစ်သည်။ စိတ်ထဲမှာတော့ 'အဲဒီမှာ စတွေ့တာပဲ' ဟု ကြိမ်းဝါးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## နံနက်စာ

အဖြစ် ကော်ဖီနှင့်မုန့်စားချိန်မှာ ဒေါ်ယုက ချောင်းကို တာမင်ဟန့်သည်။

"အဟမ်း . . ."

ဒေါ်ယု၏ ချောင်းဟန့်သံကို ဦးဖြိုးမောင်က သဘောပေါက်နေပြီး ဖြစ်သည်။ ဒေါ်ယုက မကျေနပ်စရာ တစ်ခုခုပြောမည်ကြံတိုင်း ထိုကဲ့သို့ ချောင်းဟန့်တတ်သည်ကိုး . . .။

"သားကလည်း မိန်းမရလာပြီဆိုတော့ . . ဘာပြောပြော မေကြီးက ကုမ္ပဏီကိစ္စတွေမှာ ပိုအာရုံစိုက်နိုင်ပြီပေါ့ . . . အိမ်သားသုံးယောက်စလုံးက မနက် (၁၀) နာရီကနေ ညနေ (၅) နာရီလောက်ထိ ကုမ္ပဏီသွားကြမှာဆိုတော့ ချက်ရေးပြုတ်ရေးကိစ္စအတွက် မမနုကိုပဲ အားကိုးရတော့မှာပဲ . . . ."

နာမည်တပ်ကာ မပြောသည်မို့ ဒေါ်ယု၏စကားက ကိုယ့်ဘာသာကိုယ် ရေရွတ်သည်ပဲလား မသိသလို မည်သူ့ကို ပြောလို့ပြောမှန်းမသိ။ တကယ်တမ်းကျ မမနုကို ဦးတည်ကာပြောခြင်းဖြစ်သည်။





ဒေါ်ယု၏အဆိုကြောင့် မမနုတစ်ယောက် သောက်လက်စ ကော်ဖီ သီးကာသွား၏။

"မမနုက အချက်အပြုတ် သိပ်မကျွမ်းကျင်သေးဘူး မေကြီးရ . . ."

"မင်းကလည်းကွယ် . . . ဒီအရွယ်ကြီးရောက်နေမှတော့ ချက်တတ် မပြုတ်တတ်ဘဲ ဘယ်နေပါ့မလဲ . . . ဟုတ်တယ် မဟုတ်လား . . မမနု . . ."

တိုးမောင်၏စကားကို ခပ်မြန်မြန် ဖြတ်ကာဆိုရင်းမေးသော ဒေါ်ယု၏အမေးကြောင့် မမနုက မျက်စိမျက်နှာပျက်ကာသွားသည်။

ပြီး . . . . တော်တော်ကြီးရှည်သော သူမ၏လက်သည်းတို့ဖြင့် ပါးကို ခပ်ဖွဖွကုတ်သည်။ ပြီး . . . .

"ဟို . . . လုံးဝ မချက်တတ်တာတော့ မဟုတ်ပေမယ့် . . အချက်တတ်ကြီးတော့လည်း မဟုတ်ဘူး . . ."

မမနု၏စကားကြောင့် ဒေါ်ယုနှင့်ဦးဖြိုးမောင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ တိုးမောင်က မျက်နှာတိုင့်ကာ ကော်ဖီကို မဲပြီးသောက်သည်။

"ဘာတွေ ဘယ်နှမျိုးလောက် ချက်တတ်လဲ . . . လုပ်ပါဦး"

ဒေါ်ယုက မျက်စိကိုစင်းရင်း တရားခံတစ်ဦးကို စစ်ဆေးသလိုမျိုး မျက်စိကို မှေးကာ မမနုကိုမေးသည်။

မမနုက ဒေါ်ယုကို တစ်ချက်မရဲတရဲလှမ်းကြည့်သည်။

ပြီး . . .

"ဟို . . ကြက်ဥကြော်တို့ ဝက်အူချောင်းကြော်တို့လောက်ပဲ ချက်တတ် . . . တတ် . . . . ."

"ဘာ . . . ဒီအသက် ဒီအရွယ်ကြီးနဲ့ . . . ကြက်ဥကြော်တာလောက်ပဲတတ်တယ် . . . ဟုတ်လား . . ဘုရား . . ဘုရား . . ."



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥကြော်ဆိုတာလေ . . . ချက်တဲ့ပြုတ်တဲ့စာရင်းမှာ မပါဘူး . . မမနုရဲ့ . . အဲဒါက ချက်တယ် မခေါ်ဘူး . . . ကြော်တာ . . . ကြော်တာ . . . ရှင်းလား . . . ”

ဒေါ်ယု၏ ဆောင့်ကြီးအောင့်ကြီးစကားကြောင့် မမနု မျက်နှာခမျှာ ဆီးရွက်လောက်သာ ကျန်တော့သည်။ မမနုနည်းတူ မိဘနှစ်ဦးကို မရဲတရဲကြည့်ရှာသော တိုးမောင်သည်လည်း မျက်နှာငယ်လေးနှင့်ပင် ကော်ဖီကို မဲ၍သောက်နေရှာသည်။

မမနုက လက်နှစ်ဖက်ကိုပွတ်ရင်း ဟက်ခနဲ မျက်နှာချိုသွေးကာ ဒေါ်ယုကို ရယ်ပြသည်။ ပြီး . . . .

“ဒါ . . . . တောင် . . . မောင်လေးတိုးနောက်ကို ခိုးရာလိုက်ပြေးခါနီးမှ . . . တူမလေးဆီက . . လက်ပူတိုက်ပြီး သင်ထားတာ . . . ”

“ဘာ . . . . ”

ဒီတစ်ခါ ‘ဘာ’ လိုက်သူကား ဒေါ်ယု မဟုတ်။ ဦးဖြိုးမောင်ဖြစ်သည်။ ‘ဘာ’ ဟု အလန့်တကြား ရေရွတ်ရင်း မိန်းမဖြစ်သူဆီ ငိုချင်ချင်မျက်နှာဖြင့် လှမ်းကြည့်သည်။

ဒေါ်ယုကတော့ အံ့အားတသင့်ဖြင့် ဟကာထားသော ပါးစပ်ကို စေ့ပင်မစေ့နိုင်သေး။ မျက်လုံးကြီးပြူးကာ ပါးစပ်ကိုဟထားရင်းက မမနုကို အခြားဂြိုဟ်ကမ္ဘာမှ ရောက်လာသော ဂြိုဟ်သားတစ်ဦးကို ကြည့်နေသလိုမျိုးဖြင့် ကြည့်ကာနေသည်။

မမနုက လက်နှစ်ဖက်ကိုပွတ်ရင်းက စကားကိုဆက်သည်။

“မေကြီးတို့ကို ရှက်ရှက်နဲ့ပြောပြရရင် မီးကလေ . . . အဝတ်လည်း မလျှော်တတ်၊ မီးပူလည်း မထိုးတတ်ဘူး . . ပန်းကန်ဆေးရင်တောင် ကျကွဲတာများတယ် . . အဆင်မပြေဘူး . . . ”

မမနုစကားအဆုံးမှာ ဒေါ်ယုတစ်ယောက် . . ‘အမလေး





. . အမလေး . . . ’ ဟု ရေရွတ်ရင်း နားထင်ကို လက်ဖျားဖြင့် ထောက်ကာ ကျန်လက်တစ်ဖက်က ရင်ဘတ်ကို ဖိကာထားသည်။

ဦးဖြိုးမောင်တစ်ယောက်ကတော့ ပါးစပ်ကြီးတစ်တောင်လောက် ဟထားရာကနေ ပြန်ကို မစေ့နိုင်တော့။ ဒီအသက် ဒီအရွယ်ကြီးအထိ ဘာအိမ်မှုကိစ္စမှ မလုပ်တတ်ရှာသော ချွေးမအကောင်းစားတိုမှ ရထားသည်ကိုး။

www.burmeseclassic.com

“မေကြီးသိက သင်မယ်လို့ ပြောနေတယ် မေကြီးရ . . အခု ချက်ချင်းကြီး မဟုတ်ရင်တောင် နောက်ဆို ချက်တတ်လာမှာပါ . . . မေကြီးရာ . . .”

မျက်နှာငယ်လေးနှင့်ဆိုရှာသော သားဖြစ်သူ၏ စကားကို ပြန်ကြားယောင်ရင်း ဒေါ်ယု သက်ပြင်းကို ဟင်းခနဲ ချဖြစ်သည်။

“မေကြီး . . .”

တွေးနေတုန်းမှာပင် ‘မေကြီး’ ဟုဆိုရင်း အနားကိုရောက်လာသော မမနုကိုကြည့်ရင်း ဒေါ်ယု၏အတွေးတို့ ရပ်တန့်ကာသွားသည်။

“မေကြီးကိုကြည့်ရတာ တစ်ခုခုအတွက် စိတ်မကောင်းဖြစ်နေသလိုပဲ . . .”

မမနု၏မေးခွန်းကြောင့် ဒေါ်ယုမျက်နှာကို မဲ့သွားသည်အထိ မချိပြုံး ပြုံးဖြစ်သည်။ စိတ်ထဲမှာလည်း . . . .

“ဟုတ်တယ်ဟေ့ . . . ဟုတ်တယ် . . . အိမ်မှုကိစ္စ ဘာမှ မလုပ်တတ်တဲ့ အသက်ကြီးတဲ့မိန်းမကိုယူထားပြီးတော့ စောစောစီးစီး





မုဆိုးဖိုဖြစ်မယ့် ငါ့သားအတွက် စိတ်မကောင်းဖြစ်နေတာ . . . ကဲ . . . ရှင်းပြီလား . . .”

ဟု တွေးဖြစ်သည်။ ဒေါ်ယု၏အတွေးကို မသိရှာသော မမနုကတော့ စကားကိုရှေ့ဆက်သည်။

“မေကြီး . . . စိတ်မကောင်းဖြစ်ရတဲ့ အကြောင်းအရင်းကို မီး သိပါတယ် . . .”

ခေါင်းကို ငုံ့ရင်းဆိုသော မမနု၏စကားကြောင့် ဒေါ်ယု စိတ်ထဲမှနေ ‘အယ်’ ဟု ရေရွတ်မိသည်။

မမနုကတော့ စကားကိုရှေ့ဆက်ပြန်သည်။

“မီးတို့ မင်္ဂလာဆွမ်းပဲ ကျွေးတော့မယ် . . . မင်္ဂလာမဆောင်တော့ဘူးဆိုလို့ စိတ်မကောင်းဖြစ်နေတာ မဟုတ်လား . . မေကြီးတို့ကလည်း မောင်လေးတိုးကို တစ်ဦးတည်းသောသားဆိုတော့ ခမ်းခမ်းနားနားနဲ့ မင်္ဂလာဆောင်ပေးချင်မှာပေါ့ . . . ဒါပေမယ့် မီးဘက်ကကျတော့လည်း မေကြီးတို့ ငွေကုန်၊ အချိန်ကုန် သက်သာစေချင်လို့ အဲဒီလို ဆုံးဖြတ်ချက် ချလိုက်တာပါ . . . မင်္ဂလာဆောင်ဆိုတာကလည်း တကယ်တော့ ဂုဏ်ပကာသနသက်သက်အတွက် လုပ်ကြတာပဲ မဟုတ်လား . . ဒီတော့ ငွေကုန်ကြေးကျများမယ့် မင်္ဂလာဆောင်ကို မလုပ်ချင်တော့တာပါ . . .”

မမနု၏စကားအဆုံးမှာ ဒေါ်ယုကတော့ တစ်ဖက်ကို လှည့်ပြီး မျက်နှာကိုမဲ့ဖြစ်သည်။ ပြီး . . . စိတ်ထဲမှလည်း . . .”

“အမလေး . . . ကျေးဇူးကမ္ဘာပါတော် . . . ကျေးဇူးကမ္ဘာပါ . . . ဘယ့်နှယ်တော် . . . ငွေကုန်ကြေးကျ သက်သာအောင်တွေဘာတွေ လျှောက်ပြောနေတယ် . . . ရယ်ချင်ရက် ဖတ်ဖတ်မော . . ရင်ဘတ်နောက်ကကျော . . . သူ့အကြောင်းမသိတာလိုက်လို့ . . . မင်္ဂလာဆောင်ဝတ်စုံနဲ့ ပတ်သက်လာရင် အရှေ့တိုင်းဈေး



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းဝတ်စုံပါ . . . ကိုယ့်အသက်၊ ကိုယ့်အရွယ်နဲ့ မဝတ်သင့်တော့ဘူးဆိုတာ သိနေလို့မဟုတ်လား! သူတို့မင်္ဂလာမဆောင်တော့ ငါတို့လင်မယား အရှက်ကွဲ သက်သာတာပေါ့ . . . ”

ဟု တွေးနေဖြစ်သည်။ မမနုကတော့ အဝေးတစ်နေရာကို ငေးကာ မျက်နှာကို ဇာတ်မင်းသမီးတစ်ယောက်ဟန်ပန်ဖြင့် ချီကာ ထားရင်းက သူမ၏ရင်ကို လက်ဝါးဖြင့်အသာအယာ ဖိသည်။ ပြီး . .

“မီးလည်းလေ . . မင်္ဂလာဝတ်စုံကြီးတွေ အမျိုးမျိုးဝတ်ပြီးတော့ စေ့စပ်ပွဲက တစ်ခါ၊ လက်မှတ်ထိုးပွဲက တစ်ခါ၊ မင်္ဂလာ ဆွမ်းကပ်ကတစ်ခါ၊ မင်္ဂလာဧည့်ခံပွဲက တစ်ခါ၊ ညစာ Dinner က တစ်ခါ အဲဒီလို ငါးခါကြီးများတောင် နွှဲ့ပစ်ချင်တဲ့သူပါ . . . ”

မမနု၏စကားကြောင့် ဒေါ်ယုတစ်ယောက် စားပွဲပေါ်မှ ရေနွေးကိုယူပြီး ကမန်းကတန်းသောက်နေရာမှ . . ဖွီးခနဲ သီးသည်။ ဒေါ်ယုက အမူအရာပျက်နေသလောက် မမနုကတော့ ဘာမှမသိ။ သူ့ Mood နှင့်သူ စောစောကကြည့်နေခဲ့သော အဝေးတစ်နေရာကို ကြည့်နေဆဲ။ ပြီး . . . မဆုံးသေးသော သူမ၏စကားကို ရှေ့ဆက်သည်။

“ဖိတ်စာငါးမျိုးနဲ့ ပွဲငါးပွဲကို အစွမ်းကုန်ကြဲလိုက်ချင်ပေမယ့် ဖေကြီး၊ မေကြီးတို့က အသက်ကြီးပြီ မဟုတ်လား . . ဒီတော့ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မှာ စိုးတယ်လေ . . . ဒါနဲ့ပဲ လူကြီးတွေကို ငဲ့ပြီး မင်္ဂလာကိစ္စတွေကို မီးတို့လင်မယား အကြိမ်ကြိမ်တိုင်ပင်ပြီးမှ မလုပ်တော့ဖို့ ဆုံးဖြတ်လိုက်ကြတာ . . . ပါ . . . ”

“ဖေကြီးနဲ့မေကြီးတို့က အသက်ကြီးပြီမဟုတ်လား”

ဆိုသော မမနု၏စကားက ဒေါ်ယု၏အရှိုက်ကို ထိသည်။ အကြောင်းမသိသူ တစ်ယောက်ယောက်ကများ ကြားခဲ့သည်ရှိသော် သူမတို့လင်မယားကပဲ မမနုထက် အသက်မဟားဒယားကြီး ကြီးနေ





သယောင်ယောင်ကိုး။ ပိတ်တီးချင်စိတ်တို့ ရင်ထဲမှာရှိနေသော်လည်း ဒေါ်ယုက ဟန်ဆောင်ပန်ဆောင်ပင် ပြုံးလိုက်သည်။ ပြီး . .

“ကျေးဇူးပါပဲတော် . . . လူကြီးတွေကို ငဲ့ပြီး ဒီလိုမှန်မှန်ကန်ကန် ဆုံးဖြတ်လိုက်တော့လည်း အရှက်မကွဲတော့ဘူးပေါ့ . . ”

“ရှင် . . . ”

“အဲလေ . . ဟိုဒင်း ပြောတာပါ . . . အသက်က ထောက်လာတော့ မင်္ဂလာဧည့်ခံပွဲတွေမှာ . . လွှား လွှား . . . လွှား လွှားနဲ့ မလုပ်နိုင်၊ မကိုင်နိုင်၊ မပြေးနိုင်၊ မလွှားနိုင်ဖြစ်ပြီး အရှက်မကွဲတော့ဘူးပေါ့လို့ ပြောတာပါ . . . ကိုယ် အသက်ကြီးတာ လူမသိတော့ဘူးပေါ့ . . . ဟုတ်ဘူးလား . . . ”

အနှောင့်အသွား မလွတ်တလွတ် စကားကြောင့် မမနုများ မျက်နှာပျက်သွားမလားဟု ဒေါ်ယု တွေးမိသော်လည်း မမနုကတော့ ဘာမှမကြားလိုက်သလိုပုံစံဖြင့် ခေါင်းကိုပင်ညိတ်ပြီး ဒေါ်ယု၏စကားကို ထောက်ခံလိုက်သေးသည်။

ထိုစဉ်မှာပင် ဖုန်းမြည်လာသည်မို့ ဒေါ်ယု ဖုန်းကို ကမန်းကတန်းကောက်ကိုင်ဖြစ်သည်။

“ဟဲလို . . . ”

“ဩော် . . . မမကြီး . . . ရှင် . . . မြန်မာပြည်ကို ပြန်လာမလို့ . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ကောင်းတာပေါ့ . . . ”

ဖုန်းပြောနေရင်းမှ ဒေါ်ယုက မမနုကို ကြည့်သည်။

“ဟုတ်တယ် . . မမကြီးရေ . . သားတော်မောင် မိန်းမရပြီ . . . မင်္ဂလာလား . . . မဆောင်တော့ဘူးတဲ့ . . . မင်္ဂလာဆွမ်းပဲကပ်တော့မှာ . . ဒါနဲ့ ဘယ်နေ့ပြန်လာမှာလဲ . . မမကြီး . . . ဩော် . . . လာမယ့် စနေနေ့ ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . လာမကြိုနဲ့ . . . ဟုတ်လား . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ”



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချပြီးသည်နှင့် ဒေါ်ယုက သက်ပြင်းကိုပါချသည်။ ပြီး မမနုကို စိတ်မသက်သာဟန်ဖြင့် လှမ်းကြည့်ဖြစ်သည်။ ချွေးမဖြစ်သူ၏ အနေအထားကို မေးနေသော မမကြီး၏မေးခွန်းတို့ကို မဖြေဖြစ်ဘဲ 'ဘယ်နေ့ပြန်လာမလဲ' ဟူသော စကားဖြင့် စကားလမ်းကြောင်းလွှဲဖြစ်သည်။

ပြန်လာမှပဲ သူ့တူ တိုးမောင်၏မိန်းမအကြောင်းကို မမကြီးဘာသာ မမကြီး မေးပါစေတော့ဟု တွေးဖြစ်သည်။ မမကြီး ပြန်လာမှာက လာမယ့်စနေနေ့တဲ့ . . .။

စနေနေ့

မမကြီး နိုင်ငံခြားမှ ပြန်ရောက်မည့်နေ့မို့ ဒေါ်ယုတို့ တစ်အိမ်လုံး အလုပ်ရှုပ်နေကြသည်။

"ဖေကြီး . . ကျုပ်ကို လမ်းထိပ်က စင်တာဆီ ခဏလိုက်ပို့ပါဦး . . ."

"ဘာဝယ်မလို့တုံး . . ."

"ဖေကြီးရဲ့အစ်မကြိုက်တတ်တဲ့ သစ်သီးသစ်နှံလေး သွားဝယ်ရအောင်လို့ပါ . . . မမနုက ဧည့်ခန်းမှာ ခဏစောင့်ပေးနော် . . . သားငယ်က ရေချိုးနေတယ် မဟုတ်လား . . . တော်ကြာ . . . အိမ်ရှေ့မှာ လူမရှိဘဲ ဖြစ်နေမှာစိုးလို့ . . ."

"ဟုတ် . . ."

ဒေါ်ယုက ဘေးမှာယောင်ပေ ယောင်ပေလာလုပ်နေသော မမနုကို ဧည့်ခန်းမှာ ခဏစောင့်ပေးဖို့ဆိုသည်။

မမနုက ထုံးစံအတိုင်း 'ဟုတ်' ဟု တစ်ခွန်းတည်းဆိုရင်း ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဒေါ်ယုတို့လင်မယားနှစ်ယောက် ကားပေါ် ခပ်သုတ်သုတ်တက်ရင်း ထွက်သွားကြသည်။

မမနုကတော့ ဧည့်ခန်းမှာထိုင်ရင်း တစ်အိမ်လုံးဖိန့်ဖိန့်တုန်ကာ ဟှာယာခတ်နေသည်အထိ ဂရုစိုက်ရသော ဦးဖြိုးမောင်၏ အစ်မဖြစ်သူ မမကြီးအပါအဝင် ဘယ်ဧည့်သည်မှ သူမတစ်ယောက်တည်းရှိနေချိန်မှာ ရောက်မလာပါစေနှင့်ဟု ဆုတောင်းရင်း ပျင်းပျင်းနှင့် ဂျာနယ်တစ်စောင်ကို ကောက်ဖတ်နေဖြစ်သည်။

သူမ၏ဆန္ဒ မပြည့်ပါ။

ခြံဝမှဘဲလ်ကို တစ်စုံတစ်ယောက်က တီးနေသည်မို့ သော့ကို ကမန်းကတန်းယူပြီး အိမ်ထဲမှအပြေးတစ်ပိုင်း ထွက်ဖြစ်သည်။

ခရီးဆောင်အိတ်တစ်ခုကို ဘေးချကာ ဘဲလ်တီးနေသူကို ကြည့်ရင်း 'မမကြီး' ဆိုတာဖြစ်မယ်ဟု သူမ တွေးဖြစ်သည်။ နေကာမျက်မှန်တပ်ကာ ခါးထောက်ရင်း ရပ်နေသူက မမနုကိုကြည့်ပြီး . .

"ကိုဖြိုးတို့ မိယုတို့ မရှိကြဘူးလား . . ငါ ပြန်လာမယ်ဆိုတာ သေသေချာချာ ဖုန်းဆက်ထားရဲ့သားနဲ့ . . . စောင့်မနေကြဘူး . . . မေ့နေကြတယ်နဲ့ တူတယ် . . ."

ယောက္ခမနှစ်ဦးကို ကိုဖြိုးနဲ့မိယုဟု ဆိုလိုက်ကတည်းက သူမရှေ့မှဧည့်သည်သည် မမကြီးဆိုသူမှန်း မမနုသိလိုက်ရသည်။ ထို့ကြောင့် . . .

"မမကြီး လာမယ်ဆိုတာ သိပါတယ် . . . ဟို . . မမကြီးအတွက် ဆိုပြီးတော့ သစ်သီးတွေ သွားဝယ်နေကြတာပါ . . ."

မမနု၏စကားအဆုံးမှာ မမကြီးက 'ဖြစ်ရမယ်' ဟု ခါးထောက်နေရာမှပင်ဆိုသည်။

ပြီး မမနုကို လှည့်ပင်မကြည့်ဘဲ . . .

"ကဲ . . ကဲ . . အဲဒီအိတ် ဆွဲလာခဲ့ . . ."





"ရှင် . . ."

"ဟဲ့ . . . အဲဒီအိတ်ဆွဲဝင်လာခဲ့လို့ ပြောတာ . . ."

'ရှင် . . .' ဟုဆိုရင်း အူကြောင်ကြောင်ဖြစ်သွားသော မမနုကို မမကြီးက စိတ်မရှည်စွာပင်ဆိုပြီး ဆတ်တောက် ဆတ်တောက်ဖြင့် အိမ်ထဲ ဝင်ကာသွားသည်။

အအော်ခံလိုက်ရသည်မို့ အောင့်သက်သက်ဖြင့်ပင် မမနုက မမကြီးထားခဲ့သော ခရီးဆောင်အိတ်ကို မျက်စောင်းဖြင့် ကြည့်ဖြစ်သည်။

ပြီး မနိုင့်တနိုင်ဖြင့် ဆွဲကာ အိမ်ထဲလိုက်ဝင်လာဖြစ်သည်။ သူမ အိမ်ထဲရောက်တော့ မမကြီးက ဧည့်ခန်းမှာ ခြေချိတ်ကာထိုင်နေပြီဖြစ်သည်။

နေကာမျက်မှန်မည်းကြီးကို မမကြီးက မချွတ်သေး။ မမနုက ခရီးဆောင်အိတ်ကို မမကြီးဘေးမှာ ချဖြစ်သည်။

"သွား . . . ရေအေးအေးလေး တစ်ခွက်ယူခဲ့ . . ."

"ရှင် . . ."

"ဒုက္ခပါပဲ . . . မြန်မာလိုပြောနေတာတောင် နားမလည်ဘူးနဲ့တူတယ် . . ရေ . . . အေး . . . အေး . . . လေး . . . တစ်ခွက် ယူခဲ့ . . . ကဲ . . . နားလည်ပြီလား . . ."

ဒုတိယမို့ အဟောက်ခံရလိုက်ရသည်မို့ မမနု နင်ခနဲ ဖြစ်သွားရသည်။ ယောက်ျားလုပ်သူ၏အဒေါ်မို့ သူမဘက်က ရိုရိုသေသေ ဆက်ဆံနေသလောက် မမကြီးဆိုသူက နည်းနည်းတော့ မာရေကြောရေနိုင်သည်ဟု တွေးမိရင်း ထမင်းစားခန်းရှိ ရေခဲသေတ္တာထဲမှ ရေတစ်ခွက်ကို စိတ်မသက်သာစွာပင် ယူလာပေးဖြစ်သည်။

သူမလှမ်းပေးသောရေကိုယူကာ မမကြီးက တစ်ကျိုက် သောက်လိုက်ရင်း . . .



www.burmeseclassic.com

"ကိုဖြိုးတို့ မယုတို့က သစ်သီးသွားဝယ်တယ်ထား . . . မောင်တိုးက ဘယ်သွားတာလဲ . . . ."

"ရေချိုးနေပါတယ် . . . ."

'မောင်တိုး' ဆိုသည်မှာ ယောကျ်ားဖြစ်သူကို ရည်ရွယ်မှန်း မမနုသိသည်မို့ ရေချိုးနေကြောင်း ဆိုဖြစ်သည်။

"မောင်တိုးက ရေချိုးနေတယ် . . . ဟုတ်လား . . . အေး . . . သူ့မိန်းမကော ဘယ်သွားလဲ . . . ."

"ရှင် . . ."

သူမကို ရှေ့ထားပြီး 'သူ့မိန်းမ ဘယ်သွားလဲ' ဟု အမေးခံလိုက်ရသည်မို့ မမနု အံ့အားတသင့်ပင် 'ရှင်' ဟု ဆိုဖြစ်သည်။

"ဟဲ့ . . . တရှင်ရှင်နဲ့ ဘာဖြစ်နေတာလဲ . . . မောင်တိုး ရှေ့တစ်လလောက်က ယူထားတယ်ဆိုတဲ့ မိန်းမကို မေးနေတာ"

"ဟို . . . ဟို . . ."

"ဘာတွေ ဒေါသဖြစ်နေတာတုံး . . . အန်တီကြီးရ . ."

မမနု ဘာဖြေရမှန်းမသိဖြင့် အူကြောင်ကြောင်ဖြစ်ကာ . . တဟိုဟို ဖြစ်နေတုန်း ရေချိုးပြီးထွက်လာသော တိုးမောင်က သူ့အန်တီဖြစ်သူကို လှမ်းကာမေးသည်။

"ဘာဖြစ်ရမှာလဲ . . . မေးတဲ့မေးခွန်းကို တစ်ခုမှချက်ချင်း မဖြေနိုင်ဘူး . . . တရှင်ရှင်နဲ့ တစ်ခုမေးလိုက်လဲ . . . ရှင်? တစ်ခု မေးလိုက်လဲ ရှင်? နဲ့ တကတည်း . . ."

မမကြီးက မမနုကို ခပ်ဆောင့်ဆောင့်ဆိုရင်းနှင့်ပင် မမနုကို အထက်အောက်ကြည့်သည်။

"နေပါဦး . . . မောင်တိုးရဲ့ . . . သူ့ကို လစာဘယ်လောက် ပေးထားလဲ . . . ."

"ခင်ဗျာ . . ."





အန်တီဖြစ်သူ၏အမေးကြောင့် တိုးမောင်တစ်ယောက် ကြောင်တောင်တောင်နှင့်ပင် 'ခင်ဗျာ!' ဟု ရေရွတ်ဖြစ်သည်။

တကယ်တော့ မမကြီး၏စိတ်မှာ ကုပ်ကွ ကုပ်ကွဖြင့် အူကြောင်ကြောင်ဖြစ်နေသော မမနုကို အိမ်အကူခေါ်ထားသူဟု ထင်နေသည်။

ဤသည်ကို မရိပ်မိသော တိုးမောင်တို့လင်မယားက အူကြောင်ကြောင်ဖြစ်နေကြခြင်းဖြစ်သည်။

"သြော် . . . အရေးထဲ မင်းကပါ . . အူကြောင်ကြောင်ဖြစ်နေပြန်ပါပြီ . . . သူ့ကို လစာဘယ်လောက်ပေးပြီး ခေါ်ထားတာလဲ လို့ မေးတာ . . . အမလေးလေး . . . ကြည့်ပါဦး . . အိမ်အကူကလည်း လက်သည်းတွေ တစ်တောင်လောက်ကို Nail Art လုပ်ပြီး လက်သည်းမှာ ပန်းပုံတွေတောင် ဆွဲထားသေးတယ် . . . အံ့ပါရဲ့ . . . ဒီလို အူကြောင်ကြောင်ကို ဘာလုပ်ခိုင်းဖို့ ခေါ်ထားတယ် မသိဘူး . . . မိယုတို့ လင်မယားလာပါစေဦး . . . ပြောကို ပစ်ဦးမယ်"

"ဗျာ . . ."

"ရှင် . . ."

ငိုသံပါကြီးဖြင့် 'ဗျာ' ခနဲ 'ရှင်' ခနဲ အံ့အားသင့်သွားကြသော တိုးမောင်တို့လင်မယားကို မမကြီးကတော့ ဂရုပင်မစိုက်။ ခြေကလိန်ချိတ်ကာထိုင်နေရာမှ အိမ်ဝဘက်သို့ မျက်နှာမူကာ 'ပူလိုက်တာ' ဟု ညည်းသည်။

ပြီး . . . သူမ၏စကားကို ပြန်မဖြေသည့် တူတော်မောင်တို့ ဒိုင်းခနဲ မျက်စောင်းထိုးရင်း 'အူကြောင်ကြောင်နဲ့' ဟု ဆိုသည်။

တိုးမောင်ကတော့ မမနုကို အားတုံ့အားနာဟန်ဖြင့် ကြည့်နေသည်။ မမနုကတော့ ပါးစပ်ကြီးဟကာ အံ့အားသင့်ကာနေဆဲ။

"ကဲ . . ကဲ . . မိယုတို့လင်မယားက ဘယ်အချိန်မှ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မယ်မသိဘူး . . ငါ ရေမိုးချိုးပြီး နားတော့မယ် . . . ငါ့အတွက် ဘယ်အခန်းမှာ စီစဉ်ထားလဲ . . .”

“ဟိုဘက်မှာပါ . . .”

မမကြီး၏အမေးကို တိုးမောင်က ဖြေသည်။

“အန်တီကြီး . . .”

“ဘာလဲ . . .”

“ဟို . . .”

တိုးမောင်က မမနုကိစ္စကို ရှင်းပြရန်စကားစသည်။ သို့သော် အခြေအနေတွေကို ဘာမှမသိသော မမကြီးက လက်ကာပြသည်။

“ဟိုတွေ ဒီတွေ လုပ်မနေနဲ့ . . . ပြောစရာရှိတာ နောက်မှပြော . . ငါ ပင်ပန်းလို့ နားချင်ပြီ . . ဟဲ့ . . . ဟိုတစ်ယောက်”

“ရှင် . . .”

ပါးစပ်ကြီးဟကာ အံ့အားသင့်၍ကောင်းနေသေးသော မမနုကိုကြည့်ကာ မမကြီးက ‘ဟဲ့ . . . ဟိုတစ်ယောက်’ ဟု ထအော်သည်။ မမနုကလည်း ထုံးစံအတိုင်းပင် ‘ရှင်’ ဟု အူကြောင်ကြောင်ထူးသည်။

“ငါနားမယ့်အခန်းဆီ အိတ်ဆွဲပြီးရှေ့ကသွား . . .”

“အန်တီကြီး . . .”

မမကြီး၏စကားအဆုံးမှာ တိုးမောင်က ‘အန်တီကြီး’ ဟု ခေါ်ရင်း စကားဆိုရန်ပြင်သည်။ အန်တီကြီးကတော့ တိုးမောင်ကို လှည့်ပင်မကြည့်။

“ပြောစရာရှိတာ နောက်မှပြောလို့ ပြောထားတယ်လေ . . ငါ နားတော့မယ် . . . ဟဲ့ . . . အိတ်ဆွဲပြီးရှေ့က သွားပါဆို . .”

“ဟုတ် . . . ဟုတ် . . . .”

နောက်ဆုံးတော့ အန်တီကြီး၏စကားအဆုံးမှာ မမနုက





‘ဟုတ်’ ဟု ဆိုရင်း ‘ပေါက်တဲ့နဖူး မထူး’ ဟူ၍ စိတ်နှလုံး ဒုန်းဒုန်းချကာ လောလောဆယ် အေးရာအေးကြောင်းဖြင့် အိတ်ကိုဆွဲကာ အန်တီကြီးအတွက် ပြင်ဆင်ထားသော အခန်းဆီလိုက်ပို့လိုက်ရတော့သည်။

တိုးမောင်ကတော့ ခေါင်းကိုကုတ်ကာ အူကြောင်ကြောင်ဖြင့် ပါးစပ်ကိုဟကာနေဆဲ . . . .

www.burmeseclassic.com

www.burmeseclassic.com

## ရှူး၊ရှဲ ရှူးရှဲဖြင့်

ဒေါသအထွက်ကြီး ထွက်နေသော မမနုကို တိုးမောင်တစ်ယောက် အသံမထွက်အောင် ကျိတ်ပြီးချော့ကာနေသည်။

"စိတ်မရှိပါနဲ့ မမရယ် . . . အန်တီကြီးက ပါးစပ်ကသာ ပြောချင်တာ လျှောက်ပြောနေတာ . . စိတ်သဘောက ကောင်းပါတယ် . . ."

"အဲဒါကို စိတ်တိုနေတာ မဟုတ်ဘူး . . ."

"ဒါဖြင့် ဘာကို စိတ်တိုနေတာတုံး . . ."

"ဘာကိုတိုနေမှန်းကို မသိဘူး . . ."

မမနုအဖြေက ရှင်းသည်။

"ဘာကိုတိုနေမှန်း မသိပါ" တဲ့။

ထိုစဉ်မှာပင် အိမ်ရှေ့မှ ဦးဖြိုးမောင်၏အသံက ထွက်ကာလာသည်။

"မမနုရေ . . မီးဖိုခန်းမှာ မေကြီးကို ကူလိုက်ပါဦး . . တစ်ယောက်တည်းလုပ်နေရင် တော်တော်နဲ့ပြီးမှာ မဟုတ်ဘူး . ."

"ဟုတ် . . ."





ဦးဖြိုးမောင်၏စကားကြောင့် မမနု လည်ပင်းကိုဆန့်ကာ ခပ်အုပ်အုပ်ဖြင့် 'ဟုတ်' ဟုဆိုရင်း ထိုင်ရာမှထသည်။

ပြီး အခုလေးတင်မှ ညှပ်ပစ်သောလက်သည်း တုံးတိတိတို့ကို ငုံ့ကြည့်ဖြစ်သည်။ ချွတ်ဆေးဖြင့် ချွတ်ပစ်လိုက်ပြီမို့ လက်သည်းမှာ ဘာပန်းပွင့် ဘာ Nail Art မှ မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



မိုးမိုးခ်ိန်း

ထဲရောက်လာသော မမနုကိုကြည့်ပြီး ဒေါ်ယုက ရေခဲသေတ္တာကို မေးငေါ့ရင်း . . .

"ရေခဲသေတ္တာထဲက သခွားမွှေးသီးကို အခွံနွှာပြီးတော့ အနေတော်လေး စိပ်ပေးပါလား . . လုပ်တတ်မလား . . ."

"ဟုတ် . . ."

မမနု ခပ်ပျော်ပျော်ကြီးပင် 'ဟုတ်' ပစ်လိုက်သည်။ ဒီလောက်တော့ သူမ မလုပ်တတ်စရာမရှိ။ အခွံကို သေသေချာချာ နွှာပြီး အနေတော်အရွယ်များ လှီးကာ ပန်းကန်ထဲ သပ်သပ်ရပ်ရပ် ထည့်ထားပေးလိုက်သည်။ ပြီး . . .

"မေကြီးရေ . . ဒီမှာ လှီးလို့ပြီးပြီ . . ရေခဲသေတ္တာထဲ ပြန်ထည့်ထားလိုက်မယ်နော် . . ."

မမနု၏အဆိုကြောင့် ဒေါ်ယုမှာ 'အေး' ဟု ဖြေမိတော့မလို ဖြစ်သွားသည်။ ကိုယ့်ထက်အသက်ကြီးသူကို 'အေး အေး' ဟု ဆိုလိုက်လျှင် မကောင်းသည်မို့ . . 'အင်း အင်း' ဟု ခေါင်းညိတ်ပြဖြစ်သည်။





"ဘာလုပ်ပေးရဦးမလဲ . . ဟင် . . ."

လက်နှစ်ဖက်ကို ပွတ်ရင်းဆိုနေသော မမနုကို ဖျတ်ခနဲ လှည့်အကြည့်မှာ လက်သည်းများညှပ်ကာ အရောင်ချွတ်ထားသည်ကို ဒေါ်ယုတွေ့လိုက်ရသည်မို့ ဘာရယ်မဟုတ် စိတ်ထဲမှာတော့ နည်းနည်း ဘဝင်ကျသွားရသည်။

"ဘာမှလုပ်ဖို့ မရှိတော့ဘူး . . . နားချင်ရင် သွားနားလေ"

ဒေါ်ယုက လုပ်လက်စအလုပ်ကို လက်စသတ်ရင်း ဆိုဖြစ်သည်။ ထိုစဉ်မှာပင် 'ဗိုက်ဆာတယ်ဗျို့' ဟု ဆိုရင်း မမကြီး ဝင်လာသည်။

"ဟော . . နိုးပြီလား . . . မမကြီး . . . အခုပဲ ချက်ပြုတ်ပြီးလို့ လာနှိုးတော့မလို့ လုပ်နေတာ . . . လာ . . ထိုင် မမကြီး . . အားလုံးပြင်ပြီးသား . . . မမနု . . ဖေကြီးနဲ့ သားငယ်ကို ခေါ်လိုက်ပါဦး . . ."

ဒေါ်ယုက မမကြီးကိုဆိုရင်း မမနုဘက်လှည့်ကာ ဆိုသည်။ မမနုက 'ဟုတ်' ဟုဆိုရင်း တစ်ဖက်သို့အလှည့်မှာ ဦးဖြိုးမောင်နှင့် ကိုးမောင်က ခေါ်ရန်ပင်မလို။ အခန့်သင့်ပင် ထမင်းစားခန်းဆီ ဝင်လာကြသည်။

"ကြည့် . . . စိတ်ချင်းများ ဆက်နေသလားပဲ . . အခုပဲ ယုက မင်းတို့ကို သွားခေါ်ခိုင်းနေတာ . . . ကဲ ကဲ . . လာ . . တစ်ခါတည်း ဝင်ထိုင်ပြီး ဆာဆာ မဆာဆာ . . . ငါနဲ့ အတူဝင်စားတော့ . . . လာ . . . ယု . . . လာ . . ."

မမကြီးက စကားကို အမျှင်မပြတ်အောင်ဆိုရင်း အားလုံးကို ထိုင်ရန်ဆိုသည်။ မမနုကလည်း ရောယောင်ကာ ဝင်ထိုင်ဖြစ်သည်။

"ကဲ . . ငါတော့ စားပြီဟေ့ . . ယုရဲ့လက်ရာကို မစားရတာ နှစ်ပေါင်းအတော်ကြာပြီ . . ."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် မမကြီးက ထမင်းကိုအားရပါးရ ငုံ့စားသည်။ အတန်ကြာတော့မှ ထမင်းစားနေရာက တူဖြစ်သူတိုးမောင်ကို ကြည့်ရင်း . . .

"ဒါနဲ့ပြောပါဦး . . . မင်းမိန်းမက အခုထိ ဘာကိစ္စ ပြန်မရောက်သေးရတာတုံး . . ."

"ရောက်ပြီလေ . . ."

"ရောက်ရင် ခေါ်လိုက်လေ . . . ဘာလုပ်နေတာတုံး . . သွား . . . သွား . . . သွားခေါ်ချေ . . ."

ရေခွက်ကိုကိုင်ကာသောက်ရင်းက မမကြီးက ဆိုသည်။ မမကြီးမှအပ ကျန်လူအားလုံးက ကိုယ်စီမျက်နှာတွေ ပျက်သွားကြသည်။ မမကြီးကတော့ အူကြောင်ကြောင်မျက်နှာပေးများဖြင့် ထိုင်နေသော ဒေါ်ယုတို့အားလုံးကို အံ့ဩသလို တစ်ချက်ကြည့်သည်။ ပြီး တိုးမောင်ကို မေးဆတ်ကာ . . .

"ဟဲ့ . . . မောင်တိုး မင်းမိန်းမ သွားခေါ်ချေလို့ဆို . . . ဘာကြောင်ကြည့်နေတာတုံး . . ."

မမကြီး၏စကားကြောင့် တိုးမောင်တစ်ယောက် မျက်နှာပျက်ကာ သွားသည်။ အခြေအနေအရပ်ရပ်ကို သဘောပေါက်စွာပင် ဦးဖြိုးမောင်က ဝင်၍ထိန်းသည်။ ရေသောက်နေသော မမကြီးကို မော့ပင်ကြည့်မနေတော့ဘဲ . . .

"အခု မောင်တိုးဘေးမှာထိုင်နေတာ သူ့မိန်းမပဲ . . မမကြီးရေ . . ."

"ဖွီး . . ."

ဦးဖြိုးမောင်၏ စကားကြောင့် မမကြီး 'ဖွီး' ခနဲ ရေသီးကာ သွားသည်။ ပြီး မမနုကို မျက်လုံးပြူးကြီးဖြင့်ကြည့်ကာ မျက်နှာကို ရှုံ့ရင်း . . .





"ဒါ . . . ဒါကြီးက မောင်တိုးရဲ့မိန်းမ . . . ဟုတ်လား . . . ဒါ နားကြားများ လွဲနေသလားဟယ် . . ."

ငိုသံပါချင်ချင်သံကြီးဖြင့် ဆိုသော မမကြီး၏စကားကို မည်သူတစ်မျှ စောဒကမတက်ကြ။ မတုံ့ပြန်ကြချေ။

"နို့ . . သူက . . အိမ်အကူမဟုတ်ဘူးပေါ့ . . ."

မမကြီး၏အဆိုကြောင့် မမနုက ခေါင်းကြီးငုံ့နေရာမှ တွန့်ခနဲဖြစ်ကာသွားသည်။ မမကြီးက ခေါင်းကိုကုတ်ရင်း ရှုံ့မဲ့ ရှုံ့မဲ့ဖြင့် စကားကိုဆက်သည်။

"ငါက သူ့ကို . . အိမ် . . . အိမ်အကူ အောက်မေ့လို့ . ."

မမကြီး၏စကားကြောင့် ဒေါ်ယုက မျက်နှာကိုတစ်ဖက်လှည့်ပြီး 'ခွိး' ခနဲ ရယ်သည်။

ဦးဖြိုးမောင်ကတော့ ရယ်ချင်စိတ်ကို အတင်းကြီးမျိုသိပ်ကာ ခေါင်းကိုငုံ့ကာ ထမင်းစားချင်ယောင်ဆောင်သည်။

တိုးမောင်နှင့်မမနုကတော့ မျက်နှာကြီးတွေနီကာ ဆက်နားထောင်ရမည်ကလည်း မဟုတ်။ ပြန်ခံပြောရမှာကလည်း မဟုတ်ကြီးဖြစ်ကာနေသည်။

မမကြီးကလည်း မျက်နှာပျက်ကာ အားနာလို့သွားသည်။

"Sorry Sorry . . . ဒါနဲ့ စကားမစပ် . . နာမည်က ဘယ်လိုလဲ . . . ဟင် . . . အဟင်း ဟင်း . . ."

မမကြီးက မရယ်ချင် ရယ်ချင်ဖြင့် စွတ်ရယ်ရင်း အားနာနာဖြင့်ကြည့်ပြီးမေးသည်။ မမနုက ခေါင်းငုံ့ကာနေသည်မို့ သူမကို မေးနေမှန်းမသိ။ ထို့ကြောင့် ဒေါ်ယုကပင်ဝင်ပြီး ဖြေပေးလိုက်သည်။

"ဝင်းနုချောသန့်ပါ မမကြီး . . ."

"ဟယ် . . . နာမည်လေးက လှတယ်တော့ . . ."

ဒေါ်ယု၏စကားအဆုံးမှာ မမကြီးက ဒေါ်ယုတို့လင်မယား



www.burmeseclassic.com

www.burmeseclassic.com



ကို မျက်လုံးတစ်ဖက်မှိတ်ပြရင်း ဆိုသည်။ သဘောကတော့ လွန်လွန်ကျူးကျူးကြီး ပြောမိသွားသည်မို့ ပြန်ချော့သည့်သဘော။ မျက်နှာကတော့ မသိမသာ မဲ့ကာနေသည်။

"ရေမွှေးတွေ ပါလာတယ် . . ပေးဦးမယ် သိလား . . ."

မမကြီးက မချိသွားဖြဲဖြဲရယ်ရင်း ဆိုဖြစ်သည်။ မမနုကတော့ သူမကိုပြောလို့ ပြောမှန်းပင်မသိ။ မျက်နှာကို ငုံ့ထားသည်။

ဒေါ်ယုတို့လင်မယားကတော့ ရယ်ချင်ပက်ကျိပုံစံကို ဖြစ်အောင်ဇွတ်ကြီး ရုပ်ကိုဖမ်းတည်ရင်း ပြိတ္တာကြီးတွေ ဖြစ်ကာနေသည်။

"ကဲ . . . ကဲ . . . ယုတို့က စားပြီးပြီ မဟုတ်လား . . လာလေ . . ဧည့်ခန်းထဲသွားပြီး စကားစမြည် ပြောရအောင် . . . ကလေးတွေက အေးအေးဆေးဆေးစားပြီးတော့မှပဲ လိုက်ခဲ့တော့"

မမကြီးက စကားကို ခပ်တိုတိုပင်ဆိုရင်း လိမ်ကျစ်လိမ်ကျစ်ဖြင့် ခပ်သုတ်သုတ် ထထွက်ကာသွားသည်။ ဒေါ်ယုတို့လင်မယားကလည်း မမကြီးနောက်သို့လိုက်သည်။

တိုးမောင်တို့လင်မယားကတော့ တိတ်ဆိတ်စွာပင် ထမင်းစားရင်း ကျန်ရစ်ခဲ့ကြသည်။

ထမင်းစားခန်း

မှထွက်ထွက်လာခြင်း ဒေါ်ယုက 'တအုဇ' ဖြင့် ရယ်သည်။ သူမရယ်သောအသံ အကျယ်ကြီးထွက်မှာစိုးသည် မို့ လက်ဝါးအုပ်ကာရယ်ခြင်းကြောင့် 'တအုအု' ဖြစ်နေခြင်းဖြစ်သည်။

"ဘယ်လိုဖြစ်ကြတာတုံးဟယ် . . ."

မမကြီးက ဦးဖြိုးမောင်တို့ လင်မယားကို ကြိတ်ကာမေးသည်။

"မပြောတတ်တော့ပါဘူးဗျာ . . ."

ဦးတိုးမောင်က ခေါင်းကိုကုတ်ရင်းက ဆိုသည်။ မမကြီးက အော်ဂလီဆန်လာဟန်ဖြင့် မျက်နှာကြီးကို ရှုံ့မဲ့ကာထားသည်။

ပြီး . . . .

"နာမည်က . . . ဘာ . . . သန့် . . ."

"ဝင်းနုချောသန့် . . . တဲ့"

ဟု ဦးဖြိုးမောင်က ဝင်ဖြေသည်။

"ဝင်းနုချောသန့်တဲ့လား . . . အမလေး . . နာမည်နဲ့လူနဲ့က လုံးဝဆန့်ကျင်ဘက်ပဲ . . ကြည့်ရတာ အသက်က ယုတို့နဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိမယ်ထင်တယ် . . . ငယ်လှမှ နှစ်နှစ် သုံးနှစ်ပေါ့ . . ."

မမကြီး၏စကားကြောင့် ဒေါ်ယု တွန့်ခနဲဖြစ်ကာသွားသည်။

"အာ . . မမကြီးကလည်း ဘယ်ကလာ ကျွန်မတို့ထက် သုံးနှစ်လောက် ငယ်ရမှာတုံး . . . ကျွန်မတို့ထက် ကြီးတာ . . . ကြီးတာ . . . ယုတို့နှစ်ယောက်စလုံးထက် တစ်နှစ်ကြီးတယ် . . ."

"ဟေ . . ."

မမကြီးက ဒေါ်ယု၏စကားကြောင့် ငိုချင်ချင် မျက်နှာကြီးဖြင့် 'ဟေ' ဟု ဆိုသည်။ ပြီး . . .

"ဒါဆို ယုတို့က သူ့ကို သမီးလို့ ခေါ်လို့မရဘူးပေါ့ . . သမီးလို့ ခေါ်ရအောင်ကလည်း ကိုယ့်ထက်အသက်ကြီးနေပြန် . . . အစ်မခေါ်ရအောင်ကျတော့လည်း သူက ကိုယ့်ချွေးမ . . အမလေးလေး . . . တွေးလို့တောင် မရဘူး . . ဒါနဲ့ ညည်းတို့ သူ့ကို ဘယ်လိုခေါ်တုံး . . ."

မမကြီးက ကျော့မလုံစွာ ထမင်းစားခန်းဘက်သို့ကြည့်ပြီး အသံတိုးတိုးဖြင့် ကြိတ်ကာမေးသည်။

"မမနုလို့ ခေါ်တယ် . . ."

ဒေါ်ယု၏အဖြေကြောင့် ဒေါ်မမကြီးက မျက်နှာကိုမဲ့ကာ ပါးစပ်ကို ရွဲ့ရင်း 'မမနု' ဟု ရေရွတ်သည်။

"သူကရော . . ညည်းတို့ကို ဘယ်လိုခေါ်တုံး . . ."

မမကြီးက ရင်ဘတ်ကိုဖိရင်းနှင့်မေးသည်။

"ကျွန်မကို မေကြီးတဲ့ . . . သားခေါ်သလို လိုက်ခေါ်တာ . . သူ့ကိုလည်း ဖေကြီးလို့ပဲ ခေါ်တာ . . ."

ဒေါ်ယု၏အဆိုကြောင့် မမကြီးက ပခုံးကိုကျုံ့သည်။

"အမလေးလေး . . ညည်းတို့အစား ငါအူယားလိုက်တာအေ





. . . ကိုယ့်ထက်ကြီးတဲ့လူကို ချွေးမတောင်တော်ထားရတာ . . ကိုယ့်တို့ မမကြီးခေါ်တိုင်း ကျော့ချမ်းနေမှာပဲ . . ."

မမကြီးကပြောပြောဆိုဆိုဖြင့် ပခုံးကိုတွန့်ပြသည်။ ပြီး . .

"အားနာလိုက်တာအေ . . . ငါက သူ့ကို အိမ်အကူမှတ်နေတာ . . မနေ့ကရောက်ရောက်ချင်းဆို . . ဝေါက်ပစ်လိုက်သေးတယ် . . . အဟီးဟီး . . သူကလည်း ငြိမ်ခံနေတာကိုး . . ."

မမကြီးက ထမင်းစားခန်းဘက် မလုံမလဲလှည့်ကြည့်ရင်း လက်ဝါးဖြင့်အုပ်ကာ ရယ်သည်။ ထို့နောက် ကြိတ်ကြိတ် ကြိတ်ကြိတ်ဖြင့် ဒေါ်ယုကချွေးမအကြောင်း ပြောပြသည်။

"ငါလည်း တွေးနေတာ မိန်းမရတယ်သာ ကြားတယ် . . . မင်္ဂလာဆောင်မယ် ပြောသံလည်း မကြားမိဘူးပေါ့ . . စောစောက ထမေးမလို့ လုပ်နေသေးတယ် . . . တော်သေးတယ် မမေးမိလို့ . . မင်္ဂလာမဆောင်တာလည်း ကောင်းပါတယ် အေရယ် . . မင်္ဂလာဆောင်သာလုပ်ဖြစ်လို့ကတော့ ဒီပုံစံအတိုင်း ငါမလာရဲဘူး . . ဒါနဲ့ စကားမစပ် အခုထိ ထွက်မလာကြသေးပါလား . . ."

"သားတော်မောင်က ချော့နေတာ ဖြစ်မှာပေါ့ . . ."

ဒေါ်မမကြီး၏အမေးကို ဒေါ်ယုက ထင်ကြေးဖြင့်ဆိုသည်။

www.burmeseclassic.com

"အခုမှ

လာမချော့နဲ့ . . . အစောကြီးကတည်းက ဒါ ကျွန်တော့် မိန်းမပါလို့ ပြောလိုက်ရင် ရနေရဲ့သားနဲ့ . . ."

"ပြောမလို့ပဲလေ . . . အန်တီကြီးကမှ စကားအပြောမခံ တာ . . စကားပြောမယ်ကြံလိုက်တိုင်း နောက်မှပြော ဆိုတာကြီးပဲ လေ . . မနေ့က ကြားလိုက်တယ် မဟုတ်လား . . ."

တိုးမောင်၏ဖြေရှင်းချက်ကို မမနုက သိပ်မကျေနပ်လှ။ မျက်နှာကို စူပုပ်ကာထားသည်။ ပြီး . . .

"လူကိုပဲ အိမ်အကူထင်တယ်လေး . . ဘာလေးနဲ့ . . ."

"တူနေတာကိုး . . ."

"ဘာပြောတယ် . . ."

"ဘာမှမဟုတ်ဘူး . . ."

ရှတ်နောက်နောက်ဆိုသော တိုးမောင်၏စကားကို ဒေါကန် နေဆဲဖြစ်သော မမနုမကြားလိုက်။

"ဒီရုပ်ရည်ကိုများ အိမ်အကူလို့ ထင်စရာလား . . ."

"ထားလိုက်ပါ . . ."





"ဘာထားလိုက်ပါလဲ . . မထားနိုင်ဘူး . . ဒီလောက် စိန် တွေ သီးနေအောင် အိမ်အကူက ဝတ်ထားပါ့မလား . . ."

ပွစိ ပွစိဖြင့်ရှုတ်နေသော မမနုကိုကြည့်ရင်း တိုးမောင်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ကုတ်သည်။

"နည်းနည်းလေးတောင် မမေးမြန်းဘဲနဲ့များ လူကိုအော် သေးတယ် . . ."

"မသိလို့ ပြောတာပါဆိုနေမှဗျာ . . ."

"မသိရင် မေးပါလား . . ."

တိုးမောင် မည်သို့ပင်ဆိုဆို မမနု၏ဒေါသ အရှိန်မသေ သေး။ နှုတ်ခမ်းကို စူကာထားဆဲဖြစ်သည်။

"ကဲပါ . . အန်တီကြီးလည်း မနက်ဖြန် မန္တလေးကို ပြန် တော့မှာပါ . . ."

"ကောင်းတယ် . . မြန်မြန်ပြန်ပလေ့စေ . . ."

မမနု၏စကားကြောင့် တိုးမောင် ဟက်ခနဲ ရယ်ဖြစ်သည်။ တိုးမောင်ရယ်နေစဉ်မှာပင် ထမင်းစားခန်းထဲသို့ 'ဟဲ့ . . . စားလို့ မပြီးကြသေးဘူးလား . .' ဟု ဆိုရင်း အန်တီကြီးဝင်လာသည်။

တိုးမောင်က 'ထမင်းစားပြီးပြီ . . . သစ်သီးစားနေတာ' ဟု ဖြေသည်။ မမနုက တင်းနေသော မျက်နှာကို ဖြေလျော့ပြီး ခေါင်းကို ငုံ့သည်။

"ရော့ . . . ဒီရေမွှေးက တူလေးမောင်တိုးအတွက် . . . ဒီ ရေမွှေးကတော့ ဒီက အစ်မကြီး အဲလေ . . မမ . . မမနုအတွက်"

အန်တီကြီးက အရေးထဲ စကားကမှားသေးသည်။ မမနုတ တွက်ခနဲ မျက်နှာပျက်သွားပြီး အန်တီကြီးပေးသော ရေမွှေးဗူးကို လှမ်းယူကာ 'ကျေးဇူး' ဟု မပွင့်တပွင့်ဆိုသည်။

"အန်တီကလေ သားတို့မင်္ဂလာဆွမ်းကျွေးအထိ နေချင်တာ



www.burmeseclassic.com

www.burmeseclassic.com



. . အချိန်က ဘယ်လိုမှ မရတော့လို့ . . ."

"ရပါတယ် အန်တီရာ . . လူမလာရင်နေ၊ လက်ဖွဲ့ရောက်ရင် ပြီးတာပဲ . . ."

တိုးမောင်က သူ့အန်တီကို စသည်။

"ကြည့်ရတာ မမနုက စကားနည်းသလိုပဲ . . ."

အန်တီကြီး၏အဆိုကြောင့် မမနုက အိုးတိုးအန်းတန်းဖြင့် 'ဟုတ်' ဟု ဆိုသည်။ တိုးမောင်၏ အတွေးထဲမှာတော့ . . .

"မှားတယ် အန်တီကြီးရေ . . ဘယ်ကလာ စကားနည်းရမှာတုံး . . . မျှားလိုက်တာမှ နားတောင် မီးထတောက်မလားအောက်မေ့ရတယ် . . . အန်တီကြီး အကြောင်းမသိသေးလို့"

ဟု ဆိုဖြစ်သည်။

"မန္တလေးဘက်ကို ဟန်းနီးမွန်းထွက်ခဲ့ကြဦးလေ . . တစ်လက်စတည်း ပြင်ဦးလွင်ဘက်တွေ ဆက်သွားလို့ရသေးတယ် . ."

"မီးက ပြင်ဦးလွင်ဘက် သိပ်သွားချင်တာ . . သူ မအားလို့"

မမနုက သူမကိုယ်သူမ 'မီး' ဟု သုံးလိုက်သဖြင့် အန်တီကြီးမျက်နှာ အီလည်လည်ကြီးဖြစ်ကာသွားသည်။ တွန့်ခနဲဖြစ်သွားသော အန်တီကြီး၏အဖြစ်ကို မမနုကတော့ မရိပ်မိ။ အန်တီကြီးက 'ဟုတ်လား' ဟု မဲ့တဲ့တဲ့ဖြင့်ဆိုသည်။

"မီးတို့ လာဖြစ်ရင် ဖုန်းဆက်လိုက်မယ်လေ . . အဲဒီ့တော့မှ မီးကို တောင်သမန်အင်း လိုက်ပို့ပေးနော် . . မီးကလေ တောင်သမန်အင်းကို တစ်ခါမှ မရောက်ဖူးသေးဘူး . . အဲဒီ့အချိန်ကျရင် လိုက်ပို့ပေးနော် . . ."

မမနု၏ ချွဲပြစ်ပြစ်အဆိုကြောင့် အန်တီကြီးမျက်နှာ မဲ့တဲ့တဲ့ကြီးဖြင့် ငိုချင်ချင်ပုံစံကြီးပေါက်သွားသည်။ ပြီး . . . 'အေးပါကွယ် . . အေးပါ' ဟု ခပ်ရွဲ့ရွဲ့ဆိုသည်။






ထို့နောက် 'သွားနားလိုက်ဦးမယ်နော်' ဟု ဆိုပြီး ခပ်သုတ်သုတ်ထွက်ကာသွားသည်။ ပျာယာ ပျာယာ ထွက်သွားသော အန်တီကြီးကိုကြည့်ရင်း တိုးမောင် မသိမသာပြုံးသည်။

စကားနည်းသူဟု ထင်ရသော မမနုနှင့် တစ်ပတ်လောက်အတူနေကြည့်စေချင်ပါဘိ . . .

ဟု တွေးမိ၍ဖြစ်သည်။

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

“ဟာ . . . သူရတို့ပါလား . . ဖုန်းမဆက် ဘာမဆက်နဲ့ ဝုန်းဒိုင်းကြီး”

“အေး . . မင်း မိန်းမယူပြီးကတည်းက ပျောက်နေလို့ . . လိုက်လာကြတာကွ . . အဟဲ . . နောက်တာပါကွာ . . ဒီဘက်မှာ ကိစ္စလေးတစ်ခုရှိလို့ လာရင်းနဲ့ သတိရလို့ ဝင်လာတာ . . .”

သူရက တိုးမောင်ပခုံးကို ခပ်ဖွဖွ ပုတ်ရင်းဆိုသည်။

“တိုးမောင်ကိုကြည့်ရတာ နည်းနည်းတောင် ပိန်သွားသလား လို့ . . .”

ချစ်နောင်၏စကားကြောင့် တိုးမောင်က ‘ဟာကွာ’ ဟု ဆိုရင်း ရယ်သည်။

“သားကျွေးမှု မယားကျွေးမှုတွေနဲ့ ဆိုတော့ လူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်ပြီး ပိန်သွားတာနေမှာပေါ့ကွာ . . .”

ခိုင်မြက ပြုံးတီတီပြုံးရင်းဆိုသည်။

“ဘာပဲပြောပြော ငါတို့ကောင်တွေ အသက်အစိတ်ပြည့်တဲ့ အထိ မိန်းမယူဖို့ မစဉ်းစားရသေးတဲ့အချိန်မှာ ငါတို့ထက် တစ်နှစ် ငယ်တဲ့မင်းက သတ္တိရှိရှိနဲ့ မိန်းမယူပစ်လိုက်တာ . . ချီးကျူးတယ်





ကွာ . . အားလည်းကျတယ် . . .”

ထိုင်ခုံတွေမှာ ကိုယ်စီဝင်ထိုင်ကြရင်းက သူရက ဆိုသည်။ ထိုစကားကြောင့် တိုးမောင်က ဟက်ခနဲ ခပ်မဲ့မဲ့ဖြင့် ရယ်သည်။

“အေးပေါ့ကွာ . . မင်းတို့က ငါ့ကို အားကျတယ် . . . ငါ တလည်း မင်းတို့ကို အားကျတယ် . . တကယ်တော့ အသက်သုံးဆယ် လောက်မှယူလည်း ကောင်းတာပဲကွ . . အဲဒီ့ထက် နောက်ကျရင် ပိုတောင်ကောင်းသေးတယ် . . .”

“ဘာဖြစ်လို့လဲ . . .”

တိုးမောင်၏စကားကို ခိုင်မြက မေးခွန်းထုတ်သည်။

“စောစောယူရင် စောစော စိတ်ဆင်းရဲရတယ်ကွ . . ရည်းစားဘဝနဲ့အိမ်ထောင်သည်ဘဝ . . . တကယ်ကွာတယ် . . ဟကောင် တွေရ . . နောင်တမရချင်ရင် မိန်းမယူဖို့ကို သေသေချာချာစဉ်းစား ကြ . . တကယ်ပြောတာ . . .”

မုဒ်အပြည့်ဖြင့်ဆိုသော . . . တိုးမောင်၏စကားကြောင့် သကောင့်သားများက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ သည်။

“ဒါနဲ့ စကားမစပ် မင်းမိန်းမယူလိုက်တယ် ဆိုတာပဲ ငါတို့ ကြားတာ . . . ဘယ်သူနဲ့မင်း ယူလိုက်မှန်း အခုထိ မသိသေး ဘူး . . ဘယ်သူနဲ့လဲ . . မင်းက ရည်းစားများတဲ့ကောင်ဆိုတော့ သေသေချာချာ ရွေးချယ်ပြီးတော့ ယူမယ်ဆိုတာ . . ငါ ခန့်မှန်းမိ တယ် . . မင်း ရွေးချယ်လိုက်တဲ့သူက ချိုဝတ်ရည်နွယ် မဟုတ်လား”

ချစ်နောင်၏အမေးကြောင့် တိုးမောင်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ‘နောက်နေတာလား’ ဟု အကဲခတ်သလို ကြည့်လိုက် ပြန်တော့လည်း ချစ်နောင်အပါအဝင် အားလုံးမျက်နှာမှာနောက်နေ ပြောင်နေသောအရိပ်အယောင်များ မတွေ့ရ။ သူ ခေါင်းခါပြဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တွက်ဆထားကြသည်က ချို၀တ်ရည်နွယ်။ အခု သူ လက်ထပ်ဖြစ်သွားသည်က ဘော်ဒါတွေပင် မသိကြသော မမနု။

"ငါ့မိန်းမနဲ့ မင်းတို့ကို မိတ်ဆက်ပေးပါ့မယ် . . ကဲ . . ကဲ . . အပူသောက်ကြမလား၊ အအေးသောက်ကြမလား . . ."

"အအေးပေါ့ကွာ . . ."

တိုးမောင်၏အမေးကို အားလုံးက တညီတညွတ်တည်း 'အအေး' ဟု ဆိုကြသည်။ သူက 'ခဏလေးနော်' ဟု လက်ကာပြရင်း ဧည့်သည်လာသည်ကို သိသေးဟန်မတူသော မမနုရှိရာ ထမင်းစားခန်းဘက် ခပ်သုတ်သုတ် ကူးလာဖြစ်သည်။

အခန့်သင့်ပင် ကြက်သွန်ဖြူနွှာနေသော မမနုကို သူတွေ့ရသည်။

"မမနု . . ."

"ဟင် . . ဘာလဲ မောင်လေးတိုး . . ."

"ဘော်ဒါတွေ ရောက်နေလို့ . . အအေးလာပို့ပေးပါဦး"

"ဘယ်နှခွက် ယူခဲ့ရမလဲ . . ."

"သုံးခွက် . . . သုံးယောက်လာတာ . . ."

"မောင်လေးတိုးအတွက်ပါ ယူခဲ့မယ်နော် . . ."

"အင်း . . . မြန်မြန်လေးနော် . . ."

"အိုကေ . . ."

မမနုကိုမှာပြီး သူ ဧည့်ခန်းထဲ ပြန်ထွက်လာဖြစ်သည်။

"ဟာကောင် တိုးမောင် . . . ချို၀တ်ရည်နွယ် မဟုတ်ရင် ဝေသဇ္ဇာလား . . . အခု သူတို့နှစ်ယောက်စလုံး ပျောက်နေတယ် . . ခရီးပဲသွားတာလား ဘာလားပေါ့ကွာ . . ."

သိလိုဇောပြင်းပြနေဟန်တူသော ချစ်နောင်က ဧည့်ခန်းထဲ ဝင်လာသောသူ့ကို မေးပြန်သည်။ သူ ခေါင်းခါပြဖြစ်ပြန်သည်။





ချစ်နောင်တို့သုံးယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပခုံးကိုယ်စီ တွန့်ကြသည်။ မပြောတတ်တော့ဘူး ဆိုသည့်သဘော။

ထိုစဉ်မှာပင် အအေးဗန်းကိုကိုင်ကာ ဧည့်ခန်းထဲသို့ မမနု ဝင်လာသည်။ အအေးဗန်းကို မဖိတ်အောင် သတိကြီးစွာကိုင်ရင်း တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ဝင်လာသော မမနုကို ပထမဆုံးသတိထားမိသူက ခိုင်မြ။ အအေးဗန်း ယူလာနေသော မမနုကိုကြည့်နေရာက ရုတ်တရက်ထရပ်ကာ မမနုဆီ အပြေးတစ်ပိုင်းသွားပြီး . . .

"ပေး . . . ပေး . . . သားကိုပေး . . အန်တီ . . ."

ပြောပြောဆိုဆိုဖြင့် အအေးဗန်းကို လက်လွှဲလက်ပြောင်းလုပ်ကာ ဆရာသမားက နေရာသို့ပြန်လာသည်။

အန်တီဟု အခေါ်ခံလိုက်ရသော မမနုကတော့ အီလယ်လယ်ဖြင့် တွန့်ခနဲဖြစ်ကာသွားသည်။ ပိုဆိုးသည်က တိုးမောင်။ ရှက်စိပျက် မျက်နှာပျက်ဖြင့် ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်တာသွားသည်။

မမနုကလည်း ရှေ့တိုးရမလို၊ နောက်ဆုတ်ရမလိုဖြင့် နေရာမှာပင် ရပ်ကာနေသည်။ တိုးမောင်သည်လည်း သကောင့်သားများနှင့် မမနုကို မိတ်ဆက်ပေးရန် အကြောင်းအရာကို ဘယ်ကဆွဲထုတ်လို့ ထုတ်ရမှန်းမသိ ဖြစ်ကာနေသည်။

"အအေးက ကောင်းလိုက်တာ . . အန်တီရယ် . . ကျေးဇူးပဲနော် . . ."

ချစ်နောင်၏ အဆိုကြောင့် တိုးမောင်ရော၊ မမနုပါ . . . ရှက်စိမျက်နှာတွေ ပျက်ကာသွားသည်။ ထိုစဉ်မှာပင် သူရက . . .

"မင်းမိန်းမနဲ့ မိတ်ဆက်ပေးမလို့ဆို . . . ခေါ်လေကွာ . ."

သူရ၏အဆိုကြောင့် တိုးမောင်နှင့်မမနုတို့ ဒိုင်းခနဲ အကြည့်



www.burmeseclassic.com

ချင်းဆုံသည်။ တိုးမောင်က အံကိုကြိတ်ပြီး လက်သီးကို ဆုပ်လိုက်သည်။ ပြီး ဆတ်ခနဲထရပ်ကာ အူကြောင်ကြောင်ဖြင့် ရပ်နေသော မမနုကို ပခုံးဖက်ကာ သွားခေါ်လာပြီး အတူထိုင်၍ . . .

"ဒါ . . . ငါ့မိန်းမလေ . . . မမနုတဲ့ . . ."

"ဖွီး . . ."

တိုးမောင့်၏စကားအဆုံးမှာ အအေးကိုမော့သောက်နေသော သူရက ဖွီးခနဲ သီးကာသွားသည်။ ချစ်နောင်တို့နှစ်ကောင်ကတော့ သူ ပခုံးဖက်ထားသော မမနုကို အံ့အားတသင့်ကြည့်ကာ မျက်လုံးကြီးတွေပြူးပြီး ပါးစပ်တွေ ဟသွားကြသည်။

"ဒီအန်တီ . . အဲလေ . . ဒီ မ. . . မမနုက ရန်ကုန်က မဟုတ်ဘူးနဲ့တူတယ် . . . မတွေ့ . . မတွေ့ဖူးဘူး . . . အဟဲ"

ချစ်နောင်က အထစ်ထစ်အငေါ့ငေါ့ဖြစ်ကာနေသည်။ မမနုကတော့ ဒီအကွက်တွေကြုံရဖန်များ၍လားတော့မသိ။ တိုးမောင်လောက် အမူအရာမကြောင်တော့။ ခပ်တည်တည်ပင် ချစ်နောင်ကို ပြုံးပြသည်။

ပြီး . . .

"မ,လား . . . ရန်ကုန်ကပဲလေ . . နောက်တွေ့ရင်လည်း ခေါ်နော် . . လမ်းမှာတွေ့ရင် ခေါ်သာခေါ် . . မ,ကလေ အနီးရောအဝေးပါ မှုန်နေတော့ . . တော်တန်ရုံဆို မမြင်ဘူး . . တော်ကြာအဲဒီလိုကြုံပြီး နှုတ်မဆက်မိရင် မာနကြီးတယ် ထင်မှာစိုးလို့ . . . အဟင်း ဟင်း . . ."

"အ . . . အနီးရော . . အဝေးပါ . . မှုန်နေပြီ . . ဟုတ်လား"

အံ့အားတသင့်ဖြင့်ထမေးသော သူရကို ချစ်နောင်က တံတောင်ဖြင့် တွန်းရင်း 'အသာနေ' ဆိုသော သဘောဖြင့် မျက်လုံးမှိတ်ပြသည်။ ပြီး 'ဟီး' ခနဲလုပ်၍ရယ်ကာ . . .





"မမရယ် . . အခုကတော့ ဒီလိုပါပဲ . . မျက်မှန်မတပ်ဖြစ်လို့သာ . . . ကျွန်တော်ဆိုရင်လည်း အဝေးမှုန်ပဲ . . ဟိုတစ်လောက မင်္ဂလာဆောင်တစ်ခုသွားတာ . . မင်္ဂလာဆောင်က ဒန်ပေါက်ကျွေးလို့ဆိုပြီး သွားတဲ့ပွဲပေါ့ . . . သတို့သမီး၊ သတို့သား လာနှုတ်ဆက်တာကို မတွေ့လိုက်ဘူး . . အဲဒီလို . . ."

ဖာဖာထွေးထွေးဖြင့်ဆိုသော ချစ်နောင်၏စကားက အဆုံးမှာ မမနုက အရယ်တစ်ဝက်ဖြင့် . . .

"ဒန်ပေါက်ခံလို့ ပြောရဦးမယ် . . မ,လည်းလေ . . သွားတွေကျိုးတာက ကျိုးနဲ့ သွားစုံမရှိတော့လေ . . ဒန်ပေါက်စားရတာ အဆင်မပြေတော့ဘူး . . ."

"သွားတွေ မစုံတော့ဘူး . . ဟုတ်လား . . ."

မမနု၏စကားအဆုံးမှာ ထုံးစံအတိုင်း သူရက အံ့အားတသင့်ဖြင့် ထကာ မေးသည်။ တိုးမောင်တို့လင်မယားနှစ်ယောက်စလုံး မျက်နှာပျက်သွားသည်ကိုကြည့်ပြီး ခိုင်မြဲက သူရကို ခုံအောက်မှနေ ခြေထောက်ကိုနင်းသည်။ သဘောက 'မပြောနဲ့' ဆိုသည့်သဘော။

"ကဲ . . ကဲ . . စကားကောင်းနေတာနဲ့ အလုပ်ကိစ္စကို မေ့တော့မှာပဲ . . . သွားကြရအောင်လေ . . နောက်တော့မှ အေးအေးဆေးဆေး လာလည်ကြတာပေါ့ . . ."

ခိုင်မြဲက လက်မှနာရီကိုကြည့်ရင်း စကားစတွေကိုဖြတ်ပစ်သည်။ မမနုက ခိုင်မြဲကို တစ်ချက်ကြည့်ပြီး တိုးမောင်၏လက်မောင်းကို ဆွဲခါရင်းက . . .

"မောင်လေးတိုး . . သူ ဘာပြောလိုက်တာလဲဟင် . . "

တိုးမောင်ကို ထိုသို့မေးရင်းက မမနုက ခိုင်မြဲကို 'ဟီး' ခနဲ ရယ်ပြသည်။ ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မ,ရဲ့နားက ငယ်ငယ်တုန်းကလို မဟုတ်ဘူး . . သိလား . . နည်းနည်း ဘယ်လိုပြောရမလဲ . . နည်းနည်းလေး ထိုင်းချင်နေတယ် . . တစ်ရက်ရက်မှ နား၊ နှာခေါင်း၊ အထူးကုနဲ့ သွားပြဦးမယ်"

"နား . . . နားကလည်း ထိုင်းနေပြီ . . . ဟုတ်လား . ."

သူရက အထစ်ထစ် အငေါ့ငေါ့ဖြင့် သွားမေးနေသည်မို့ ခိုင်မြဲက သူရ၏ခြေထောက်ကို ခုံအောက်မှနင်းရပြန်သည်။

ပြီး ခါးကိုင်း၊ နားထိုင်းကာ၊ မျက်စိမှုန်၊ လက်တုန်၊ သွားမစုံ ဆိုသလိုဖြစ်နေသော သူငယ်ချင်းတိုးမောင်၏ဇနီးကို တစ်ချက် ဖျတ်ခနဲကြည့်ဖြစ်သည်။

"ပြန်ကြရအောင်လေကွာ . . ."

ချစ်နောင်က ရယ်ကြဲကြဲဖြင့် ခေါင်းကိုကုတ်ရင်းဆိုသည်။

"နောက်လည်း လာလည်နော် . . ."

မမနုက တိုးမောင်၏ပခုံးကို မှီထားရင်းက ဆိုသည်။

"ကဲ ကဲ . . ဘော်ဒါတွေကို လိုက်ပို့လိုက်ဦးမယ် . . ."

ပြောပြောဆိုဆိုဖြင့် တိုးမောင်က မတ်တတ်ထရပ်သည်။ ပြီး သူရပခုံးကိုဖက်ရင်း ခြံဝသို့ လမ်းလျှောက်ကာလိုက်ပို့သည်။

သူတို့အားလုံး ခြံဝရောက်ချိန်လောက်မှာ အိမ်ပေါ်လသာဆောင်မှ မမနု၏အသံစူးကြီးက ထွက်ပေါ်ကာလာသည်။

"မောင်လေးတိုးရေ . . . ဒီနေ့ မောင်လေးတိုး . . မမနုကို ဆံပင်ဖြူ နှုတ်မပေးရသေးဘူးနော် . . . မေ့နေမှာစိုးလို့ . . လှမ်းသတိပေးတာ . . ."

မမနု၏ စကားသံကြောင့် တိုးမောင်တစ်ယောက် အကြီးအကျယ် မျက်နှာပျက်ကာသွားသည်။

သူရတို့သုံးယောက်ကတော့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ထမရယ်မိအောင် အတော်ကြီးအောင့်အီးကာ





အားလိုက်ကြသည်။

"ကဲ . . ကဲ . . သွားကြတော့နော် . . ."

ဟု တိုးမောင်က အားလုံးကို နှုတ်ဆက်သည်။

"အေး အေး . . သူငယ်ချင်း နောက်မှဆုံမယ် . . ."

ခိုင်မြဲက လက်ပြကာဆိုရင်း သုံးယောက်သား ခြံပြင်၌ရပ်ခဲ့သော သူရ၏ကားပေါ်တက်ကာ မောင်းထွက်ခဲ့ကြသည်။ တိုးမောင်တို့လမ်းသွယ်ထဲမှ ထွက်လာပြီး မိန်းလမ်းပေါ်ရောက်ချိန်မှာတော့ ထိန်းချုပ်မထားဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အော်ရယ်မိဖြစ်ကြသည်။

"အမလေးကွာ . . . ဆံဖြူသွားကျိုး၊ ခါးကိုင်းနားထိုင်း၊ လက်တုန်မျက်မှုန် ဆိုတာမျိုးကိုမှ ငါတို့ကောင်က ရထားတာကွ"

သူရက ပြောပြီး ရယ်ပြန်သည်။

"ဒီကောင် အရေးထဲ အန်တီလို့တောင် သွားခေါ်နေသေးတယ် . . ."

ချစ်နောင်က ခိုင်မြဲကို လက်ညှိုးထိုးကာဆိုရင်း ရယ်ပြန်သည်။ ခိုင်မြဲက 'သိဘူးလေ' ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် . . . တကယ့်ဒိတ်ဒိတ်ကြဲ၊ အလန်းလေးတွေကိုမှ ထားတဲ့ကောင်က ညားမယ့် ညားတော့လည်း မမနုဆိုပဲ . . . အဟား ဟား . . . ."

သူရက ပြောပြီး ရယ်ပြန်သည်။

"ဧည့်ခန်းမှာ ထိုင်နေတုန်းက အတော်ကြီး အောင့်အီးထားရတာကွ . . မမနု ဆိုပြီးတော့ မိတ်ဆက်ပေးကတည်းက အော်ရယ်ချင်နေတာ . . . အူကို လိပ်နေတာပဲ . . ."

ခိုင်မြဲက အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"သွားမစုံတော့ဘူး ဆိုတာကို အရယ်ချင်ဆုံးပဲ . . ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်တော့ သူ့မိန်းမကို ထမင်းကျွေးရင် ဝါးတောင်ခွံ့နေရလား မသိဘူး . . .”

ချစ်နောင်က ပြောပြီး အူနှိပ်ကာရယ်သည်။

သူတို့သုံးယောက်၏စကားကိုသာ တိုးမောင်တစ်ယောက် ကြားလို့ကတော့ ဆွေ့ဆွေ့ခုန်နေမှာ သေချာသည်။

မကြာခင်ရက်ပိုင်းအတွင်းမှာ တိုးမောင်တို့ဇနီးမောင်နှံ၏ သတင်းသည် သူရတို့ကောင်းမှုအကြောင်းပြုကာ ဘော်ဒါများကြား မှာ ရေပန်းစားလိမ့်ဦးမည်။

လာဆွမ်းကျွေး

ပြီးလို့ နှစ်ပတ်ကြာသွားသည်အထိ ဒေါ်ယုစိတ်မှာ ပြန် ကြားယောင်မိနေသော စကားရှိသည်။

“ချွေးမက အသက်နည်းနည်းကြီးသလိုပဲနော် . . .”

တဲ့။

“ဒီပုံစံအတိုင်းဆို မြေးချီရပါ့မလား . . .”

ဆိုသော စကား။

ဒေါ်ယုတစ်ယောက် မျက်မှောင်ကြီးကုပ်ကာ ထားဖြစ် သည်။ စိတ်ထဲမှာ အောင့်သက်သက်ကြီးဖြစ်ကာနေသည်။ ဘာ ကြောင့်ဖြစ်နေမှန်းလည်း မသိ။ အကြောင်းပြချက်က မရှိ။

“. . . . . . . . လာ . . . . သူငယ်ချင်း . . .”

ခြံဝမှ အသံကြောင့် ဒေါ်ယု လည်ပင်းကိုဆန့်ကာ လှမ်း ကြည့်ဖြစ်သည်။ သူ့အရွယ် အမျိုးသမီးလေးယောက်နှင့် ချွေးမဖြစ် သူ မမနုကို တွေ့လိုက်ရသည်။

မမနုဦးဆောင်သော အမျိုးသမီးလေးယောက်က ဧည့်ခန်း ထဲရောက်လာကြသည်။ သူမကိုတွေ့တော့ ချွေးမဖြစ်သူက . . .



www.burmeseclassic.com

www.burmeseclassic.com



"မေကြီး . . ဒါ မီးရဲ့ သူငယ်ချင်းတွေလေ . . အိမ်လိုက်လည်ကြတာ . . ."

ဟု ဆိုသည်။ ပြီး သူမ၏သူငယ်ချင်းဆိုသူများဘက် လှည့်ကာ . . .

"သူငယ်ချင်းတို့ . . ဒါ . . မေကြီးလေ . . နာမည်က ဒေါ်ယုတဲ့ . . ."

ဒေါ်ယု စိတ်မသက်မသာဖြင့်ပင် ပြုံးပြဖြစ်သည်။ အားလုံးက သူမကို အားရပါးရ ပြုံးပြနေကြသည်ကိုး။ ကြည့်ရတာ အားလုံးက မမနုလိုပင် ဂေါ်မစွံတွေ ဖြစ်ပုံရသည်။

အဝတ်အစားနှင့်အပြင်အဆင်အားလုံးက နုနုရွရွတွေချည်းဖြစ်ကာနေသည်။ မည်သို့ပင် လှအောင်ပြင်ဆင်ထားသော်လည်း ဇရာ၏အရေးအကြောင်းတို့ကတော့ မသိမသာပေါ်လွင်နေသည်သာဖြစ်သည်။

ဟိုကြည့်သည်ကြည့် လုပ်နေကြသော မမနုတို့တစ်သိုက်ကို ကြည့်ပြီး ဒေါ်ယုအာရုံနောက်တောက်တောက်ဖြစ်ကာလာသည်။ ထို့ကြောင့် နေရာမှလစ်ထွက်ရန် တွေးမိသည်။

သို့သော် မြွေမြွေချင်း ခြေမြင်ဆိုသလို ဒီအတိုင်းကြီး ထထွက်သွားလျှင် သူမနောက်မှာ အတင်းဆိုကာ ကျန်ခဲ့နိုင်သည်မို့ လှလှပပလေး ထွက်သွားရန် တွေးဖြစ်သည်။

"ကဲ . . မမနုရေ . . ဧည့်သည်တွေကို အဆင်ပြေအောင် ဧည့်ခံထားလိုက်နော် . . . မေကြီးက ခေါင်းနည်းနည်းနောက်နေလို့ တစ်မှေးမှေးလိုက်ဦးမယ် . . ."

ဧည့်သည်များကို ချိုအီနေအောင် ပြုံးပြရင်း မမနုကို ဆိုဖြစ်သည်။ မမနုက ထုံးစံအတိုင်း 'ဟုတ်' ဟု တစ်လုံးတည်း ဆိုသည်။

ဧည့်ခန်းထဲမှထွက်သာ ထွက်ခဲ့ရသော်လည်း ဒေါ်ယု သိပ်





ဘျာမလုံချင်။ ဧည့်ခန်း၏ ထောင့်ချိုးတစ်နေရာမှာကွယ်ရင်း နားစွင့်ဖြစ်သည်။

"ဟိုတ် . . . နု . . . ယူတို့ယောက္ခမက သဘောကောင်းတဲ့ ပုံပဲကွ . . ."

ဧည့်သည်များထဲမှ တစ်ယောက်၏စကားကြောင့် ကျိတ်ပြီး ဘျနပ်သွားရသည်။ မမနု၏အသံက ထွက်လာသည်။

"သဘောကောင်းရုံတင် ဘယ်ကမလဲ . . အိုင့်ကိုလည်း အရမ်း ဟမ်း ဟမ်း . . . ချစ်ကြတာ . . . သူတို့မှာ သမီးမရှိတော့လေ . . အိုင့်ကို သမီးအမှတ်နဲ့ ချစ်ကြတော့လေ . . သားဖြစ်တဲ့လူ ကတောင် အိုင့်ကို မနာလိုဖြစ်တယ် သိလား . . အဟက် ဟက်"

မမနု၏စကားကြောင့် ဒေါ်ယုမျက်နှာကို အသားကုန် မဲ့ဖြစ်သည်။ 'ရယ်ချင်ရက် ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျော' ဟု တွေးမိသည်။ ဘယ့်နှယ် ခပ်တည်တည်ဖြင့် ဖောချင်ရာတွေ စွတ်ဖောနေသည်။ ထိုစဉ်မှာပင် ဧည့်သည်တစ်ယောက်ထံမှ အသံထွက်လာသည်။

"ဒါနဲ့ စကားမစပ် . . ယူ့ဆံပင်တွေ သိပ်နက်မှောင်နေတယ် . . . ဘာလုပ်ထားတာလဲ . . . ဆေးဆိုးထားတာလား . . ."

အမေး၏နောက်၌ မမနု၏အသံကထွက်လာသည်။

"ဘာမှမလုပ်ဘူး . . ယောကျ်ားက အိုင့်ရဲ့ဆံပင်ဖြူတွေကိုလေ . . . တစ်နေ့ အပင်နှစ်ဆယ်စီ နှုတ်ပေးတော့ . . . တဖြည်းဖြည်းနဲ့ ဆံပင်ဖြူတွေ ကုန်လာတာ . . ."

ကြားရသောစကားကြောင့် ဒေါ်ယုတွန့်ခနဲဖြစ်ကာသွားသည်။ သားဖြစ်သူ မမနုကို ဆံပင်ဖြူနှုတ်ပေးသည့်ပုံကို မြင်ယောင်ရင်း မျက်နှာကိုမဲ့ဖြစ်သည်။

"ယူ့ယောကျ်ားက ယူ့ကို သိပ်ဂရုစိုက်တာပဲနော် . . အားကျ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ . . . အားလုံးထဲက ယူ သူ့ကိုရွေးလိုက်တာ မှန်သွားတယ်"

ဧည့်သည်တစ်ယောက်၏စကားကြောင့် ဒေါ်ယု နင်တင်တင်ကြီးဖြစ်သွားရသည်။

ယင်းဧည့်သည်၏အဆိုအရ သားတော်မောင်က မမနု၏ ရွေးချယ်မှု၌ အရွေးခံရန် တန်းစီခဲ့ရသေးသည်ဆိုသည့်သဘော ဖြစ်နေသည်ကိုး။

"ဒါနဲ့ ယူ့ရဲ့အဝေးမှန်၊ အနီးမှန်ကိစ္စကို ဘယ်လိုရှင်းထားလဲ . . နု . . ကိုယ်လည်း အခုတစ်လော၊ အနီးရော၊ အဝေးပါ မှုန်လာလို့ . . ."

ဧည့်သည်နောက်တစ်ဦး၏အမေးကြောင့် ဒေါ်ယုမျက်ခုံးများပင် ပင့်တက်ကာသွားသည်။ လက်စသတ်တော့ ချွေးမလုပ်သူက အနီးရော၊ အဝေးပါ မှုန်နေသူကိုးဟု တွေးမိသည်။ မမနု၏ အသံက ထွက်လာပြန်သည်။

"အဲဒါ မျက်ကပ်မှန်ဝယ်တပ်မလို့ . . . မျက်မှန်မတပ်လို့ မဖြစ်တော့ဘူး . . တော်တော်ကြီးကို မှုန်နေပြီဟ . . . ကိုင်းမျက်မှန်ကတော့ မတပ်ချင်ဘူး . . ဘယ်ပုံစံပဲ တပ်ကြည့်ကြည့် . . အဆင်မပြေဘူး . . ရုပ်ရင့်သွားသလိုပဲ . . အဲဒါနဲ့ မလုပ်ဖြစ်တာ . . ."

"ရုပ်ရင့်မှာများ ကြောက်နေသေးတယ် . . . အခုကော နုနေလို့လား . . ."

လို့ မေးမေးပြီး ပါးပိတ်တီးလိုက်ရဟု ဒေါ်ယု ခပ်ချဉ်ချဉ်ပင် တွေးမိသည်။

"ဟဲ့ . . . ဟဲ့ . . ဒါနဲ့စကားမစပ် . . ပြောရဦးမယ် . . . သိလား နု . . နင့်ကို အသည်းအသန်လိုက်တဲ့ ကိုဇော်ဌေးကြီးလေ × × × × × × × × × × × × × × ×"

ဒေါ်ယုဆက်ပြီးနားမထောင်ဖြစ်တော့။ အိမ်ပေါ်ထပ်ကို





တက်ခဲ့ဖြစ်သည်။ ထမင်းဟင်းတွေ စားရာ၌ အမာစာများကိုရှောင်သော ချွေးမဖြစ်သူသည် သွားမစုံတော့ကြောင်းကိုတော့ သူမ သိသည်။

သို့သော် . . . .

ဆံပင်ဖြူခြင်းကိစ္စနှင့် မျက်စိမှုန်ခြင်းကိစ္စကို မသိ။ အခြားအာပြစ်ချက်တွေရှိဦးမည်မသိဟု ဒေါ်ယု တွေးဖြစ်သည်။ သူမ စိုးရိမ်သည်ကတော့ သူမတို့၏ မျိုးဆက်ပြတ်သွားမှာကိုပဲ ဖြစ်သည်။

ဤပုံစံအတိုင်းသာဆို အသက်အရွယ်ရနေပြီဖြစ်သော ခနေသည် သူမတို့အတွက် မြေးလေးချီနိုင်ဖို့ အဆင်ပြေနိုင်ပါ့မလားဟု ရင်မောမောဖြင့် ဒေါ်ယုတွေးဖြစ်သည်။

ပြီး သက်ပြင်းမောကို 'ဟင်း' ခနဲ ချဖြစ်သည်၊

ထို့နောက် ဒေါ်ယု မှေးခနဲ အိပ်ပျော်ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ယု အိပ်ရာမှနိုးနိုးချင်း ထဖြစ်သည်။

ညနေစာအတွက် ဘာမှမပြင်ဆင်ရသေးသည်ကို ရုတ်တရက် သတိရသောကြောင့်ဖြစ်သည်။ မီးဖိုခန်းထဲဝင်လာတော့ ထိုင်ကာ ဟင်းရွက်သင်နေသော မမနုကို တွေ့ရသည်။

"မေကြီး အိပ်ပျော်သွားတယ်နဲ့ တူတယ် ..."

"အင်း ..."

'အေး ...' ဟုဆိုရအောင်လည်း ကိုယ့်ထက်အသက်ကြီးသူမို့ 'အင်း' ဟု ထုံးစံအတိုင်း ဆိုဖြစ်သည်။

"ထမင်းတော့ ချက်ထားတယ် .. ဟင်းကတော့ ကိုယ့်လက်ကိုယ် မယုံလို့ မချက်ရသေးဘူး .. ဒါပေမယ့် အားလုံးတော့ အသင့်ချက်လို့ရအောင် ပြင်ထားပေးတယ် ..."

"အင်း ..."

ဒေါ်ယု ဒုတိယမို့ အင်းဖြစ်သည်။ ဒီလိုကျပြန်တော့လည်း မဆိုးဟု တွေးဖြစ်သည်။ အခုနောက်ပိုင်း မမနုထံမှ အကူအညီတွေ ရနေသည်ကတော့ အမှန်ပဲဖြစ်သည်။





အတူနေတာ တစ်လနီးပါးကြာလာတော့လည်း မမနုသည် စိတ်သဘောထား အရမ်းကြီးမဆိုးလှကြောင်း တွေ့ရသည်။

"မမနု ..."

"ရှင် ..."

ဒေါ်ယု၏အခေါ်ကြောင့် မမနုက 'ရှင်' ဟု ထူးသည်။

"အိမ်မှာ ဘာလိုနေလဲ သိလား ..."

"........"

မမနုက ဘာမှမဖြေဘဲ ခေါင်းရမ်းပြသည်။

"အိမ်မှာ ... အိမ်ရဲ့ဆည်းလည်းလေး လိုနေတယ် ..."

"ဟုတ် ..."

ဘာကိုဆိုလိုမှန်း သိသည်နှင့်တူသည်။ 'ဟုတ်' ဟုဆိုရင်း မမနု ခေါင်းငုံ့ကာ သွားသည်။

"ဖြစ်နိုင်မယ်ဆိုရင်တော့လေ ... မြေးလေးချီချင်တယ်"

"........."

ဒီတစ်ခါတော့ မမနု ဘာမှမပြောတော့ ...။

"မမနု စိတ်ဝင်စားမယ်ဆိုရင်လေ .. မေကြီးမှာ သားဖွားအထူးကုသူငယ်ချင်းတစ်ယောက်ရှိတယ် .. သူနဲ့မမနုကို ချိတ်ပေးရမလား ..."

"........."

မမနုက ခေါင်းကိုငုံ့ထားရင်းက နားထောင်ကာနေသည်။ ဘာတုံ့ပြန်စကားမှမဆို။ အတန်ကြာတော့မှ ....

"မေကြီး .. အားတဲ့နေ့မှ အတူသွားကြရင် မကောင်းဘူးလား ..."

"ရတယ်လေ ... သွားကြတာပေါ့ .."

ဒေါ်ယု အားရဝမ်းသာပင် ခေါင်းညိတ်ပြဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်မယ်ဆိုရင်တော့ မောင်လေးတိုးအတွက်ရော၊ မေကြီးတို့အတွက်ပါ ဖြည့်ဆည်းပေးချင်တာပါ . . . တတ်နိုင်သလောက် ကြိုးစားကြည့်ပါ့မယ် . . ."

နည်းနည်းတော့ စိတ်မကောင်းဖြစ်သွားဟန်တူသော 'မမနု' ကိုကြည့်ပြီး ဒေါ်ယု အားတော့နာသွားရသည်။ သို့သော် မတတ်နိုင်။

'မပြောမပြီး မတီးမမြည်' ဆိုသလို တိုက်တိုက်တွန်းတွန်း လုပ်ထားတာ မမှားဟု ဒေါ်ယု တွေးဖြစ်သည်။



တိုးမောင်

၏ညီဝမ်းကွဲ မင်းဇော်တို့မိသားစု အိမ်လာလည်သဖြင့် အိမ်မှာ ကလေးသံဖြင့် ဆူညံကာနေသည်။

မင်းဇော်၏သားလေးက ချစ်စရာကောင်းသော လူလည်လေး ဖြစ်သည်။ ကလေးပီပီ အမေးအမြန်းကလည်း ထူသည်။

နယ်ရောက်နေရာမှ ပြန်လာသည်မှာ မကြာသေးသည်မို့ ခမနုကို မမြင်ဖူးသေး။

"ဒီဘွားဘွားက ဘယ်သူလဲဟင် . . ."

"ဟာ . . . အဲဒါ ဘွားဘွား မဟုတ်ဘူး . . အဲဒါ ဦးဦးတိုးမောင်ရဲ့ အချစ်ကလေး အန်တီလို့ခေါ်လေ . . သားငယ်ရဲ့"

မင်းဇော်၏ဇနီးက မျက်စိမျက်နှာပျက်သွားသော မမနုကို အားနာနာဖြင့်ကြည့်ရင်း ကလေးကိုချော့၍ဆိုသည်။

သားငယ်လေးကတော့ ခေါင်းကိုခါသည်။

"အာ . . မခေါ်ဘူး . . အန်တီအရွယ်မှမဟုတ်တာ . . ဘွားဘွားလို့ပဲ ခေါ်မယ် . . ."

သားငယ်လေး၏စကားကြောင့် မမနုက မချိပြုံးပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . .

"ရပါတယ် . . . ကလေးခေါ်ချင်သလို ခေါ်ပါစေ . ."

"တွေ့လား . . ဒီဘွားဘွားကမှ သဘောကောင်းသေးတယ်"

ကလေး၏စကားကြောင့် အားလုံးက ရယ်ဖြစ်ကြသည်။

"ဘွားဘွားယုနဲ့ ဒီဘွားဘွားနဲ့ ဘယ်သူပိုချောလဲ . ."

ဒေါ်ယု၏အမေးကြောင့် သားငယ်လေးက နှစ်ယောက်စလုံးကို စေ့စေ့စပ်စပ်ကြည့်သည်။ ပြီး . . . ခေါင်းကိုကုတ်သည်။

"သား . . . စိတ်ညစ်တယ် . . ."

"အံမယ် . . . မင်းက ဘာစိတ်ညစ်တာလဲ . . ."

တိုးမောင်က သားငယ်လေး၏ခေါင်းကို ပွတ်သပ်ရင်း မေးသည်။

"ဘွားဘွားနှစ်ယောက်စလုံးက ချောတော့ . . . ဘယ်သူပိုချောလဲဆိုတာ သား မရွေးတတ်တော့ဘူး . . ."

"အမလေးလေး . . . . လူလည်လေး . . ."

သားငယ်လေး၏စကားကြောင့် အားလုံးက ရယ်ကြသည်။

'ဒေါ်ယုက လူလည်လေး' ဟုဆိုရင်း နမ်းရှုံ့သည်။

"ဒီကောင် အရမ်းလည်တာ . . အန်တီယုရ . . . ဟိုတစ်ခေါက်က သူ့အဘိုးနဲ့ကျွန်တော်နဲ့ စကားများတော့ ကျွန်တော်တို့လင်မယားက အိမ်ပေါ်က ဆင်းကြရော . . ."

"အင်း . . ."

မင်းဇော်၏စကားကို ဒေါ်ယုက 'အင်း' ဟု ထောက်ပေးသည်။

"နောက်တော့လည်း သိပ်မကြာပါဘူး . . ပြန်ပြီး အဆင်ပြေသွားတော့ အိမ်ပေါ်ပြန်တက်ကြတာပေါ့ . . အဲဒီမှာ သားငယ်လေးက သူ့အဘိုးကို ပြောလိုက်တဲ့စကားကို သူ့အဘိုးရော၊ သူ့အဘွား





ပါ သဘောကျသွားကြတယ် . . ."

"ဘာတဲ့လဲ . . ."

မင်းဇော်က စကားစကိုဖြတ်ပြီး အအေးသောက်နေသည်မို့ တိုးမောင်က ထ၍မေးသည်။

"သားတို့က တစ်ခါအိမ်ပေါ်က ဆင်းပြီးပြီနော်တဲ့ . . . ဒီတစ်ခါကျရင် ဘိုးဘိုးတို့ အိမ်ပေါ်ဆင်းတဲ့အလှည့်တဲ့ . . ."

မင်းဇော်၏စကားအဆုံးမှာ အားလုံးက ဝါးခနဲ သဘောတကျဖြင့် ရယ်ကြသည်။ မင်းဇော်၏အမျိုးသမီးက 'ကျန်သေးတယ်လေ ပြောပြလိုက်ဦး' ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"ပြီးတော့ သားငယ်လေးက ထပ်ပြောသေးတယ် . . ဘိုးဘိုးတို့ဆင်းရင် အကြာကြီးဆင်းနော်တဲ့ . . ဒီအတိုင်းတော့ ဆင်းမသွားနဲ့တဲ့ . . . ဘိုးဘိုးရဲ့ပိုက်ဆံအိတ်ကို ထားခဲ့တဲ့ . . ."

မင်းဇော်၏စကားကြောင့် ရယ်ဖြစ်ကြပြန်သည်။

"သူ့အဘိုးက သူ့ကိုမုန့်ဖိုးပေးရင် လက်ဆွဲအိတ်ထဲကနေ ထုတ်ထုတ်ပြီး ပေးတာကိုး . . အဲဒီတော့ သူက အဲဒီအိတ်ကို ပိုက်ဆံအိတ်ဆိုပြီး မှတ်ထားတော့တာပဲ . . ."

"သူ့အဘိုးက ဘာပြောလဲ . . ."

ဦးဖြိုးမောင်က ဝင်၍မေးသည်။

"ရယ်နေတာပေါ့ . . ကောင်းပါပြီဗျာ . . ကောင်းပါပြီဗျာနဲ့ ရယ်နေတာ တော်တော်နဲ့ မရပ်ဘူး . . ."

ဒေါ်ယုတို့အားလုံးက ရယ်ကြပြန်သည်။ ဒေါ်ယုက 'လူလည်လေး' ဟု ပြောရင်း နမ်းရှုံ့ပြန်သည်။

"သူ့အဘိုးရော၊ သူ့အဘွားကပါ . . သူ့မြေးဝိုတာ မကြိုက်ဘူး . . သားငယ်လေး ဝိုတာနဲ့ . . ကျွန်တော်တို့လင်မယားက အဆူခံရတော့တာပဲ။ ဒီကောင်ကလည်း လည်တယ် . . နည်းနည်းလေး



www.burmeseclassic.com

www.burmeseclassic.com



မဆူလိုက်၊ မငေါက်လိုက်နဲ့ ငိုလိုက်မှာနော်ဆိုပြီး ခြိမ်းခြောက်တော့တာပဲ . . ."

မင်းဇော်က အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"သူ့အဘိုးက အခု သူ့ကိုကြောက်လို့ နေ့တိုင်း မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ရိတ် ရိတ်နေရတယ် . . ."

မင်းဇော်ဇနီး၏အဆိုကို ဦးဖြိုးမောင်က 'ဘာဖြစ်လို့တုံး' ဟု မေးသည်။

"နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ရိတ်မထားရင် အနမ်းမခံဘူး . . စူးလို့ဆိုပြီးတော့ မျက်နှာကိုလက်နဲ့အုပ် အုပ်ထားတယ်လေ . . ဒီတော့ သူ့အဘိုးလည်း မိုးလင်းတာနဲ့ မုတ်ဆိတ်မွေးရိတ်တဲ့ အလုပ်ရသွားတယ် . . ."

မင်းဇော်ဇနီး၏စကားကြောင့် အားလုံးက ရယ်ကြပြန်သည်။

"ဒါဆို . . သားငယ်လေးက အိမ်မှာ ဆရာကြီးပေါ့ . . . ဟုတ်လား . . ."

ဒေါ်ယုက သားငယ်လေးကို ချီထားရင်းက မေးသည်။

"မဟုတ်ပါဘူး . . သားကို ဘိုးဘိုးပြောတာက အသည်းတုံးကြီးတဲ့ . . ."

သားငယ်လေး၏စကားကြောင့် အားလုံးက ပွဲ့ဖြစ်ကြသည်။ သားငယ်လေးက 'ပြီးတော့ ဘွားဘွားကလည်း ပြောသေးတယ်' ဟု စကားကိုစသည်။

"အင်း . . . သားရဲ့အဘွားက ဘာတဲ့လဲ . . ."

တိုးမောင်က မေးခွန်းထုတ်သည်။

"ဘွားဘွားကကျတော့ သားကိုအသည်းကြော်ကြီးတဲ့ . ."

"ဒါဖြင့် သားက ဘိုးဘိုးနဲ့ဘွားဘွားကို ပိုချစ်လား . . ဖေဖေ





နဲ့မေမေကို ပိုချစ်လား . . ."


ဒေါ်ယု၏အမေးကို သားငယ်လေးက ချက်ချင်းဖြေသည်။

"သားက ဟောဒီက ဘွားဘွားယုကို ပိုချစ် . . . တာ"

သားငယ်လေး၏စကားကြောင့် ဒေါ်ယု သဘောအကျကြီး ကျကာသွားသည်။ လူလည်ဟု ဆိုရင်း သားငယ်လေးကို ဖက်၍နမ်းသည်။ ပြီး ဘာရယ်မဟုတ်။ မမနုကို လှမ်းကြည့်ဖြစ်သည်။ မမနု၏ မျက်ဝန်းမှာ ဝေသီနေသော မျက်ရည်စအချို့ကို ဒေါ်ယုတွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



A good woman is worth more than rubies.

မိန်းမကောင်းတစ်ယောက်သည်

ပတ္တမြားများထက် ပို၍အဖိုးထိုက်ပါ၏။

Philippine Proverb

www.burmeseclassic.com

www.burmeseclassic.com

...ပိန်းမကောင်း

တစ်ယောက်ဟာ ပတ္တမြားတွေထက်တောင် ပိုတန်ဖိုးရှိတယ် ဆိုတဲ့ ဖိလစ်ပိုင်စကားပုံရှိတယ် ..."

"ဟုတ်လား ...ကိုယ်ကတော့ မိန်းမနဲ့ပတ္တမြားဆိုရင် ပတ္တမြားကိုပဲယူမှာ ..."

တိုးမောင်၏ ရွှတ်နောက်နောက်စကားကြောင့် မမနုက နှုတ်ခမ်းကို စူသည်။

"ကိုယ့်စကား မဆုံးသေးဘူးလေ ..ပတ္တမြားကိုယူပြီးတော့ မိန်းမကိုလည်း အဆစ်တောင်းမယ်လို့ပြောတာ ..ပတ္တမြားလည်း ယူမယ် ..မိန်းမလည်း ယူမယ်လို့ ပြောတာပါ ...အဟဲ"

တိုးမောင်၏ပြောင်ချော်ချော်စကားကြောင့် မမနုက မျက်စောင်း ဖိုင်းခနဲ ထိုးသည်။

"ကဲ ...မိန်းမယူရင် ပတ္တမြားမရဘူး ..ပတ္တမြားယူရင်လည်း မိန်းမမရဘူး ..အဆစ်လည်းမပေးဘူး ..တစ်ခုပဲ ရွေးဆိုရင် ဘာရွေးမလဲ ..."

"ကိုယ်က အရှုံးမှုမဟုတ်တာ ..ပတ္တမြားပဲ ရွေးမှာပေါ့ကွ"





တိုးမောင်၏ပြောင်ချော်ချော်ကြောင့် မမနုက တိုးမောင်ကို 'ရွှေဦး ရွှေဦး' ဟု ဆိုရင်း ဆွဲ၍ဆိတ်သည်။

"ရွှေချယ်မှု မှန်ကန်လို့ စိတ်ဆိုးနေတာလား ..."

တိုးမောင်က နောက်လက်စနှင့် ဆက်နောက်သည်မို့ မနုက မျက်စောင်းထိုးသည်။

"သြော် ...ဒါနဲ့ မမနုကိုမေးရဦးမယ် ..ဟိုတစ်နေ့က မေမေနဲ့အထူးကုသွားပြကြတယ်ဆို ..ဘာထူးလဲ ..."

တိုးမောင်၏အမေးကြောင့် မမနုမျက်နှာ တည်သွားသည်။

"မောင်လေးတိုးကိုပါ ခေါ်ခဲ့တဲ့ ...ကလေးရနိုင်ချေတော့ နည်းပါတယ်တဲ့ ..."

ပြောပြီး မမနုက နံရံမှာကပ်ထားသော ကလေးရုပ်ကလေး များဆီ ကြည့်သည်။

www.burmeseclassic.com



ဘယ်သွားလဲ . . . ”

ဒေါ်ယုံ၏အမေးကြောင့် တိုးမောင်က ဟက်ခနဲရယ်သည်။

“မေမေ့ချွေးမက ကလေးရှူး ရှူးနေတာ . . အခုလည်း ရွှေတိဂုံဘုရားကို သွားတာ . . အင်္ဂါထောင့်နဲ့ ဗုဒ္ဓဟူးထောင့်ကြား ထဲမှာ သားဆုတောင်းလို့ရတဲ့နေရာလေးရှိတယ် မဟုတ်လား . . သိကြားမင်းလား မသိဘူး . . ကလေးလေးပွေ့ထားတာ . . အဲဒီမှာ ဆုတောင်းပြည့်တယ်ဆိုလို့ ခဏ ခဏ သွားလေရဲ့ . . သားက အလုပ် လုပ်တာညဥ့်နက်တော့ မအိပ်ရသေးလို့ မလိုက်သွားတာ . . . ”

တိုးမောင်၏စကားကြောင့် ဒေါ်ယုံက ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

“မကြီးလည်း ရိပ်မိသားပဲ . . သူလည်း အသက်ကြီးပြီဆိုတော့ ကလေးမရမှာစိုးလို့ စိတ်အားငယ်နေတယ်နဲ့တူပါတယ်ကွယ် အခုဆို . . ရောက်စတုန်းကလို မဟုတ်ဘူး . . အချက်အပြုတ်လည်း တော်တော် ဟုတ်နေပြီ . . . သူ့ခမျာ ကြိုးတော့ကြိုးစားပါတယ်”

ဒေါ်ယုံက မျက်လွှာကိုချရင်းဆိုသည်။





“ဖူးစာပါလို့ ရထားပြီးပြီပဲ သားရယ် . . ကလေးမရဘူးဆိုပြီးတော့လည်း ခဏ ခဏ ဖိအားမပေးပါနဲ့ . . သူ့ခမျာ သနားပါတယ် . . . ”

“မပြောပါဘူး . . သားက ကလေးအကြောင်း စကားကို မစတာ . . . သူ့ဘာသာသူ ကြိတ်ပြီး ဟိုလုပ် ဒီလုပ် လုပ်နေတာ”

“ကဲ . . သွား သွား . . မနက်စာ သွားစားချေ . . . မင်းမိန်းမက အစောကြီးထပြီး စီစဥ်သွားတာ . . . ”

ဒေါ်ယုံက ပြောပြီး အိမ်ပေါ်သို့တက်သွားသည်။ သိပ်မကြာလိုက် . . . ‘လာလည်ဦးမယ်’ ဟု ဖုန်းဆက်ထားသော နောင်နောင်တို့လင်မယား ကလေးချီပြီး ရောက်ချလာသည်။

“လာ . . . လာ သူငယ်ချင်း . . . ”

နောင်နောင်တို့လင်မယားက ‘အေး’ ဟုဆိုရင်း ဝင်လာကြသည်။

“မမနုရော . . . ”

“ဘုရားသွားတယ် . . ပြန်လာတော့မှာပါ . . ”

မကြာ မကြာ အလည်လာလေ့ရှိသော နောင်နောင့်မိန်းမ သီဂီ၏အမေးကို တိုးမောင် ဖြေဖြစ်သည်။ စကားဆိုနေတုန်းမှာပင် မမနု ပြန်ရောက်ချလာသည်။

“အသက်ရှည်ဦးမယ် . . အခုပဲ မမနုကို မေးနေတာ . . ”

“ဟုတ်လား . . . ”

သီဂီ၏အမေးကို မမနုက ‘ဟုတ်လား’ ဟုဆိုရင်း သီဂီလက်ထဲမှကလေးကို ယူချီသည်။

“သမီးလေးက ပိုပိုဝလာသလိုပဲ . . . သမီးလေးရေ . . ”

မမနုက ကလေးကိုချီရင်း မြှူသည်။

“လာပါဦး . . ဦးဦးဆီကို လာပါဦး . . . ”



www.burmeseclassic.com

www.burmeseclassic.com

မမနုလက်ထဲမှနေ တိုးမောင်က 'လာပါဦး' ဟု ခေါ်သည်။

"နေပါဦး . . . စောစောကတည်းက မချီဘဲ ဘာလို့အခုမှ လိုက်ချီနေတာလဲ . . နေ့ သမီးရယ် . . ဟော ဟော . . ရယ်ကယ်တော့ . . ."

ကလေးကိုလက်မှမချသော မမနုကို လှမ်းကြည့်နေသော ဒေါ်ယုကတော့ ခေါင်းကိုခါသည်။

"သူများကလေး ချီရုံနဲ့ မကျေနပ်နဲ့လေကွာ . . ကိုယ်ပိုင်လေး ဘာလေးရှိအောင် ကြိုးစားဦး . . ."

ဘာရယ်မဟုတ် နောင်နောင်က နောက်သည်။ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ တိုးမောင်က မျက်နှာပျက်ကာသွားသည်။ ပြီး . . 'အေးဆေးပေါ့ကွာ' ဟု ဟန်မပျက်ဆိုဖြစ်သည်။

မမနုကတော့ သိသိသာသာကြီးကို မျက်နှာပျက်ကာသွားသည်။ သို့သော် မကြားယောင်ပြုကာ ကလေးကိုမြှူကာနေသည်။

ဘာရယ်မဟုတ်။ မမနုကိုကြည့်ရင်း တိုးမောင် သနားသွားရသည်။ ကလေးမြင်လျှင် မချီဘဲမနေသော မမနု၏ရင်ထဲမှခံစားချက်တို့ကို သူ မြင်နေရသည်ကိုး။

အာ. . . .

ကြဲကြဲဖန်ဖန်ဗျာ . . မမနုကလည်း ဘယ်ကဘယ်လို ကြားသာရပြန်တာတုံး . . မဖြစ်နိုင်ပါဘူး . . ."

ကလေးလေးတစ်ယောက် မွေးစားလိုက်ပါက ကိုယ်ဝန်ရနိုင်သည်ဆိုသောစကားကို ဘယ်ကကြားလာသည်မသိ။ မမနုက စမ်းကြည့်ရန် ပြောလာသည်မို့ တိုးမောင် ငြင်းရခြင်းဖြစ်သည်။

"ဟုတ်ပါတယ်ဆို . . ရှမ်းပြည်နယ်ဘက်က 'မ' သူငယ်ချင်းတွေ ပြောပြတာ . . . ကလေး တော်တော်နဲ့မရရင် တခြားကလေးတစ်ယောက်ကို ခေါ်ပြီးတော့သာ မွေးစားလိုက်တဲ့ . . မကြာဘူး . . ကလေးရတာပဲတဲ့ . . ."

"မယုံဘူး . . ."

"တကယ်ပါဆို . . ."

"မလုပ်ဘူးဗျာ . . သူများကလေး မွေးစားရတာ လွယ်တယ်ထင်လို့လား . . အလကား စာရင်းရှုပ်တယ် . . အဲဒီလိုလုပ်မှ ကလေးရမယ်ဆိုရင် မလုပ်နဲ့ . . ကလေးမရလည်း ပြဿနာမရှိဘူး . . "

တိုးမောင်၏အဆိုကြောင့် မမနု မျက်နှာပျက်ကာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ပြဿနာမရှိဘူးလဲ . . ရှိတယ် . . ကလေးမရရင် အဲဒီကိစ္စနဲ့ပဲ မင်း 'မ' ကို ပြဿနာ ရှာမှာမဟုတ်လား"

"အာ . . . ဘာဆိုင်လဲဗျာ . . ."

"ဆိုင်တယ် . . မင်းအရင်က အဆက်ဟောင်းတွေနဲ့ ပြန်ပတ်သက်နေတယ်လို့ ကြားတယ် . . ကလေးမရတာနဲ့ပဲ 'မ' ကို စွန့်ခွာသွားဖို့ ကြိုးစားနေတာ မဟုတ်လား . . ."

မမနု၏စကားကြောင့် တိုးမောင် အံ့အားသင့်သွားရသည်။ ဘော်ဒါတွေ အလည်လာရင်း နောက်သွားသော စကားတွေကို မမနုက လက်ခံယုံကြည်ကာနေသည်။

"စကားပြောတာ ကြည့်ပြောနော် . . အဲဒီလို ဖောက်ပြန်တတ်တဲ့ယောကျ်ားတွေထဲမှာ တိုးမောင် မပါဘူး . . ."

"ဒါဖြင့် ဘာလို့ ကလေးရအောင်လုပ်နေတဲ့ကိစ္စတွေကို လိုက်ပိတ်ပင်နေတာလဲ . . . ပြော . . ကလေးရမှာ ကြောက်နေတယ် မဟုတ်လား . . ."

အာခေါင်ခြစ်ကာအော်သော မမနု၏အသံကြောင့် ဦးဖြိုးမောင်တို့လင်မယား အူလျားဖားလျား ရောက်လာကြသည်။

"ဘာဖြစ်နေကြတာလဲ . . ."

"ဒီမှာ မေမေ့ချွေးမက သူ့ဘာသာသူ အရူးထပြီး ဘာတွေ ပြောနေမှန်းလဲ မသိဘူး . . သူ ကလေးရမှာကို သားက လိုက်ပိတ်ပင်တယ်လေး ဘာလေးနဲ့ . . ကိုယ့်ဘာသာကိုယ် ကလေးမရရင် ကိုယ့်ဟာကိုယ် ငြိမ်ငြိမ်နေ . . . မဆိုင်တဲ့လူကို လိုက်မရမ်းနဲ့ . ."

လက်သီးဖြင့် အုတ်နံရံကိုထိုးရင်းဆိုသော စကားကြောင့် ဒေါ်ယုက သားဖြစ်သူကို ဆောင့်တွန်းသည်။

"မင်းစကားပြောတာ . . တရားမလွန်နဲ့နော် သား . . မင်း မိန်းမတွေရဲ့စိတ်ကို ဘယ်လောက်နားလည်လို့လဲ . . ."





ဆောင့်အတွန်းခံရသည်မို့ တိုးမောင် အံ့သြကာသွားသည်။

"မေမေက ဘာဖြစ်တာလဲ . . ပြဿနာရှာနေတာက သူ . . သားမဟုတ်ဘူး . . ."

"ဘာဖြစ်ဖြစ်ပေါ့ . . ကလေးလိုချင်လို့ ကိုယ့်မိန်းမစိတ်ညစ်နေတာကို မင်းက ဖြေသိမ့်ပေးရမှာပေါ့ . . . ဘာအော်နေစရာ အကြောင်းရှိလဲ . . မင်း သူများသားသမီးကို ယူပြီးတော့ နှိပ်စက်နေတာလား . . ."

"အာ . . . မေမေ မှားနေပြီ . . သား ဘယ်မှာ နှိပ်စက်နေလို့လဲ . . ."

သားအမိနှစ်ယောက်အခြေအတင်ဖြစ်နေသည်ကိုကြည့်ရင်း . . . မမနုက ရှိုက်ရှိုက်၍ငိုသည်။ ဦးဖြိုးမောင်က အံကိုကြိတ်ထားရင်းက ဘာပြောရမှန်းမသိ ဖြစ်ကာနေသည်မို့ . . .

"ကိုတိုး . . . မင်းတော်တော့ . . ."

ဟုသာ ဆိုဖြစ်သည်။

"ကလေးမရရင် ကိုယ့်ဟာကိုယ် ငြိမ်ငြိမ်နေပါလား ဆိုတဲ့ စကားက ဘယ်လောက်တာသွားတယ်ဆိုတာ မင်း မသိဘူးလား . . မမနုရဲ့ရင်ထဲမှာ ဘယ်လောက်ထိနာကျင်သွားမယ်ဆိုတာ မိန်းမချင်းမို့ မေမေ မြင်နေရတယ် . . မေမေ နားလည်တယ် သား . . မပြောပါနဲ့ သားရယ် . . သားက သူ့ဘက်ကနေ အားပေးရမယ့်လူပါ သားရဲ့"

ပြောရင်း ဒေါ်ယုက အိခနဲ ငိုချပစ်လိုက်သည်။ မမနုက ဒေါ်ယုကို လာ၍ဖက်ထားရင်းက သူမပါ ရှိုက်၍ငိုသည်။

"မမနုဘက်က နေပေးတာ . . ကျေးဇူးတင်ပါတယ် မေကြီးရယ် . . မေကြီးတို့အတွက်ရော၊ မောင်လေးတိုးအတွက်ပါ . . မမနု . . ကလေး . . . ကလေး မွေးပေးချင်တာပါ . . ."

ပြောရင်း မမနုက ငိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလကား . . . မူယာမာယာတွေ များနေတယ် . . ."

"သား . . . မပြောရဘူးလို့ မေမေ ပြောနေတယ်လေ . . တော်တော့ . . ."

"မေမေ ဘာသိလို့လဲ . . . သူက . . ."

"အာ . . . ဒီကောင် မိဘတားနေတာတောင် စကား နား မထောင်ဘူး . . ကဲကွာ . ."

"ခွပ် . ."

"အ . . ."

မအေကို ပြန်ခံပြောနေသည်မို့ ဦးဖြိုးမောင် ဒေါကန်ကန် ဖြင့် သားဖြစ်သူကို ခွပ်ခနဲ လက်သီးတစ်လုံး ကျွေးပစ်သည်။ အခန်း အောက်သို့ယိုင်သွားရင်း အထိုးခံရသောပါးကိုပွတ်ကာ တိုးမောင် အံ့အားသင့်သွားရသည်။

"ဖေကြီး သားကို ထိုးတယ် . . ဟုတ်လား . . ."

"အေး . . . ထိုးတယ်ကွာ . . မိဘက တော်တော့လို့ ဒီ လောက်ပြောနေတာတောင် နားမလည်ဘူး . . မင်း ပါးစပ်ပိတ်ထား . . ဒါပဲ . . ."

ပြောပြောဆိုဆို တံခါးကို ဝုန်းခနဲပိတ်ကာ ဦးဖြိုးမောင် ထွက်ကာသွားသည်။ အခန်းထဲမှာတော့ ဒေါ်ယုနှင့်မမနုက ငိုရင်း ကျန်နေခဲ့သလို တိုးမောင်ကလည်း ငေါင်စင်းစင်းကြီးရပ်ကာ ကျန် နေခဲ့သည်။

"အ. . . . ဖြည်းဖြည်းလုပ်ပါ . . ."

"အရမ်းနာနေလား ဟင် . . ."

"ဒီလောက် ညိုမည်းနေတာတောင် နာလားမေးနေသေးတယ်"

တိုးမောင်တို့လင်မယားနှစ်ယောက် ကြပ်ထုပ်ထိုးပေးရင်းက အငြင်းပွားရန် တာစူနေကြခြင်းဖြစ်သည်။

"ဒါ မိဘကို ပြန်ပြောလို့ ငရဲကြီးတာ . . ."

မမနုက ကြပ်ထုပ်ထိုးပေးရင်းက တိုးမောင်ကို ကလိသည်။

"အနာကို ပြန်မဆွနဲ့နော် . . . ပြဿနာတော့ သူကစပြီး . . ပြဿနာဖြစ်ရင် သူချည်းပဲ အမှတ်ကပ်ကပ် ယူသွားပြီးတော့"

"ဘာဖြစ်လဲ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပေါ့ . . ချွေးမက ချစ်စရာ ကောင်းလို့ ယောက္ခမတွေချစ်တာ . . ဘာ မနာလိုဖြစ်နေတာတုံး"

"အေးပါ . . အေးပါ . . စင်ပေါ်ကလူဆိုတော့ ပြောပြီပေါ့"

ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဆိုသလို အခုတော့လည်း သူတို့ ပျော်သလို တစ်ယောက်ကိုတစ်ယောက် စစနောက်နောက် လုပ်ကာ နေသည်။

"ပိုလန်စကားပုံတစ်ခုရှိတယ် . . . မိန်းကလေးများဟာ ... ခါမထပ်ခင်မှာ ငိုယိုကြပြီးတော့ ယောက်ျားလေးတွေက လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်ပိုင်းမှာ ငိုကြတယ်တဲ့ . . တော်တော်မှန်တဲ့ စကားပုံပဲ"

တိုးမောင်၏စကားကြောင့် မမနုက ဟက်ခနဲရယ်သည်။

"နောက်ပြီး အိုင်းရစ်စကားပုံရှိသေးတယ် . . ကမ္ဘာပေါ်မှာတဲ့ ကောင်းသောဇနီးတစ်ယောက်ရှိခြင်းထက် ပိုကောင်းတာက ဇနီးလုံးဝမရှိခြင်းပါပဲတဲ့ . . ."

တိုးမောင်၏ နောက်ဆက်တွဲစကားကြောင့် မမနုက . . .

"မေကြီးကို ပြောပြလိုက်ဦးမယ်"

ဟု ရွတ်နောက်နောက်ဆိုသည်။

"အ . . . ဖြည်းဖြည်းလုပ်ပါလို့ဆို . . ."

"Sorry Sorry ကဲ ကဲ . . ဘယ်နေရာ နာသေးလဲ . . ပြော"

မမနုက ကြပ်ထုပ်ကို ကိုင်ရင်းက ဆိုသည်။

"ကြပ်ထုပ်ထိုးတာ သိပ်မသက်သာဘူး . . ."

"ဒါဖြင့် ဆေးလိမ်းပေးရမလား . . ."

"ဟင့်အင်း . . ."

"ဘာလုပ်ပေးရမလဲ . . ."

"အာဘွားပေး . . ."

"မကြီးမငယ်နဲ့ ကလေးကလားမလုပ်နဲ့ . . ."

"လုပ်မှာပဲ . . ."

ပြောပြောဆိုဆိုဖြင့် တိုးမောင်က မမနု၏ နဖူးပြင်ကို မဆီမဆိုင်ပင်ထပြီး အာဘွားပေးလိုက်သည်။

"မကဲနဲ့နော် . . ."

မမနုက တိုးမောင်ကို တွန်းထားရင်းက ဆိုသည်။ တိုးမောင်ကတော့ မမနု၏ စကားကို နားမထောင်ပါ။

မမနုလက်ထဲမှ ကြပ်ထုပ်သည် ကြမ်းပြင်ပေါ်သို့ ဖတ်ခနဲကျကာသွားသည်။

ဝုံးဘောမို့ကြာသောခါ ....

www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို . . .
ပြော . . မမနု . . ."

"မောင်လေးတိုး . . မောင်လေး . . . မမ . . . မမနု"

"ဟဲလို . . . မမနု . . . မမနု . . ဘာဖြစ်နေတာလဲ"

ငိုသံပါကြီးဖြင့် စကားတွေထစ်နေသော မမနု၏အသံကြောင့် တိုးမောင် လန့်ဖျပ်ကာသွားသည်။

"မ . . . မမနု . . ."

"ဟဲလို . . မမနု . . စိတ်ပူအောင် မလုပ်နဲ့လေ . . ဘာဖြစ်လို့ ငိုနေတာလဲ . . ."

ညှော်ခန်း၌ တိုးမောင် ထိုင်ရမလို၊ ထရမလို ဖြစ်ကာနေသည်။ ဒေါ်ယုတို့လင်မယားနှစ်ယောက် 'ဘာဖြစ်တာလဲ' ဟူသောသဘောဖြင့် မျက်လုံးကို လှန်ကာကြည့်သည်။

"မမနု . . မမနုလေ . . . မသေချာလို့ မပြောသေးတာ . . အခု . . အခု လုံးဝသေချာသွားပြီ . . သေချာအောင်ဆိုပြီး ဆေးခန်းသုံးခုမှာတောင် သွားစစ်ပစ်လိုက်တယ် . . . သိ . . သိလား မောင်လေးတိုး . . မမမှာ ကိုယ်ဝန် သုံးလရှိနေပြီတဲ့ . . ."





"ဗျာ . . ."

တိုးမောင် ဝမ်းသာလွန်း၍ ထခုန်လုမတတ်ဖြစ်ကာသွားသည်။

"မမ . . . နုမှာ . . . ကိုယ်ဝန်သုံးလတောင်ရှိပြီတဲ့ . ."

"ဟုတ်လား . . . ဝမ်းသာလိုက်တာဗျာ . . ."

တိုးမောင်၏အသံတွေ အဖျားခတ်ကာ တုန်ရင်နေသည်။

"ဖေကြီးနဲ့မေကြီးကို ပြောမပြသေးနဲ့ဦး သိလား . . ရုတ်တရက် ဝမ်းသာသွားအောင်လို့ မမနုကိုယ်တိုင် ပြောပြလိုက်မယ်"

"အေးပါ . . ."

"ဒါပဲနော် . . ."

"OK . . . OK"

ဖုန်းချပြီးနောက် တိုးမောင် အူမြူးကာနေသည်။

"ဟဲ့ . . . ဘာတွေ ဝမ်းသာနေတာလဲ . . ငါတို့လည်း ပြောဦး . . ."

ဒေါ်ယုက ကုပ်ကွ ကုပ်ကွဖြစ်ကာနေသော သားဖြစ်သူကို ပြုံးကာကြည့်ရင်း မေးသည်။

"မပြောဘူး . . ."

"ဟဲ့ . . . ဘာ့တုံး . . ."

"မမနုက သူကိုယ်တိုင် ပြောပြမလို့တဲ့ . . ."

"ဘာကို ပြောပြမှာတုံးလို့ဆို . . ."

"အာ . . ဖြည်းဖြည်းပေါ့ မေကြီးရာ . . မမနုက သူမှာ ကိုယ်ဝန်သုံးလရှိနေပြီဆိုတာ . . မေကြီးတို့ကို သွားမပြောသေးနဲ့ဦး ကဲ့ . . သူကိုယ်တိုင် ပြောပြချင်လို့တဲ့ . . အဲဒါကြောင့် မပြောပြတာ . . . အဲ . . . ပြောတောင်ပြီးသွားပြီ . . ."

ပြောရင်း တိုးမောင်က ရယ်ကျဲကျဲဖြင့် ခေါင်းကိုကုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုက ဦးဖြိုးမောင်ကိုတစ်လှည့် သားဖြစ်သူကို တစ်လှည့်ကြည့်ရင်း ဝမ်းသာလုံးတွေ ဆို့နေသည်။

"ယုတို့တော့ မြေးချီရတော့မယ် . . ."

ဒေါ်ယုက လက်ခုပ်လက်ဝါး တီးရင်းကြိမ်းဝါးသည်။

"မိန်းမကလည်း ကြာလိုက်တာ . . ဖုန်းဆက်ဦးမှပဲ . ."

တိုးမောင်က မရိုးမရွဖြစ်နေရာမှ ဖုန်းကိုထဆက်သည်။

"ဟဲလို . . ဘယ်ရောက်နေပြီလဲ . . ."

"အိမ်ရောက်တော့မယ် . . ဘာဖြစ်လို့လဲ . . ."

"ဘာဖြစ်ရမှာလဲ . . ခာတ်ရှင်တွေထဲကလို မိန်းမရဲ့ဗိုက်နားကပ်ပြီး ကလေးရဲ့အသံကြားလားလို့ နားထောင်ရအောင်လို့ . . အမြန်ပြန်ခဲ့ . . ."

"အင်းပါ . . ရောက်နေပါပြီလို့ဆို . . . အ . . . အား"

ဖုန်းပြောနေရင်းက 'အား' ခနဲ အော်သံနှင့်အတူ အိမ်ရှေ့မှ ဝုန်းခဲ အသံကိုကြားလိုက်ရသည်။

"ဝုန်း . . ."

တိုးမောင် ဖုန်းကိုကိုင်နေရင်းက ရုတ်တရက်ကြောင်သွားသည်။

"ဟဲလို . . . မမနု . . ဟဲလို . . ."

ဟု ခေါ်ကြည့်ရင်းက အိမ်ရှေ့ပြေးထွက်ခဲ့ဖြစ်သည်။

အိမ်ရှေ့ဝင်းနံရံတံတိုင်းကြီးကို ဝင်တိုက်ထားသော မမနု၏ကားကိုကြည့်ပြီး တိုးမောင်လက်ထဲမှ ဖုန်းလွတ်ကျကာသွားသည်။

"မမနု . . ."

တိုးမောင် အာခေါင်ခြစ်ကာအော်ရင်း ကားဆီပြေးကပ်သည်။ ဒေါ်ယုက 'မမနုရေ' ဟု ငိုသံပါကြီးဖြင့် အော်ရင်း ကြောင်ကာရပ်နေသည်။ ထိုအချိန်၌ ကြောင်ကာမနေသူကတော့ ဦးဖြိုးမောင်။ ဖုန်းဆက်ကာ ဆေးရုံကားကိုခေါ်သည်။

တိုးမောင်တစ်ယောက် ဘရိတ်ပေါက်သွားသည်ဟု ယူဆရသော ကားပေါ်မှ မမနုကို ကားအောက်သို့ ပွေ့ယူကာချသည်။ မမနုက မျက်လုံးတွေမှိတ်နေရင်းက ဖျတ်ခနဲ မရဲတရဲဖွင့်သည်။ ဒေါ်ယုက မမနုလက်ကို တင်းကျပ်စွာ ဆုပ်ထားရင်းက မျက်ရည်တွေကျကာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမနု . . . မမနု . . သတိရရဲ့လား . . ."

"အင်း . . ."

တိုးမောင်၏ ငိုသံကြီးအမေးကို မမနုက အားယူရင်း 'အင်း' ဟု ဆိုသည်။

"မမနုလေ . . . ကိုယ် . . . ကိုယ် . . ကိုယ်ဝန်ရှိနေပြီ . . လို့ . . . မေ . . . ကြီး . . . ကို . . . ပြော . . . ပြ . . ချင် . . . လွန်း . . ."

"မပြောပါနဲ့ မမနုရယ် . . မေကြီး သိပြီးပါပြီ . . ."

ဒေါ်ယုက မမနုလက်ကို ဆုပ်ကာထားရင်းက ငိုရှိုက်ဆိုသည်။

"ပြော . . ပြော . . ပြချင်လွန်း . . . လို့ . . အ . . အမြန်"

"တော်ပါတော့ မမနုရယ် . . မောနေမယ် . . နောက်မှ ပြော . . နော် . . ."

ဒေါ်ယုက ရှိုက်သံတစ်ဝက်ဖြင့် ဆိုသည်။

"မောင်လေးတိုး . . မမနု . . မောင်လေးကို ကလေးလေး မွေးပေးချင် . . . ချင် . . ."

"မောမယ် မမနု . . နေပါဗျာ . . ကျွန်တော် မကြားရက်လို့ပါ . . ."

မောနေရာမှာ ဇွတ်အားယူရင်းဆိုသော မမနုကိုကြည့်ပြီး တိုးမောင် ငိုဖြစ်သည်။ မိနစ်ပိုင်းလေးတွင်မှာမှ ဝမ်းသာစရာသတင်းကောင်းတစ်ခုရှိနေခဲ့သေးသည်။ အခုတော့ မမနုက သွေးတွေကြားမှာ . . ဘာကိုယုံကြည်ရမှန်းပင် မသိတော့။

"ကဲ . . ကဲ . . ဆေးရုံကားလာပြီ . . ."

ဆေးရုံကားပေါ် မမနုကိုပွေ့တင်ပြီး တိုးမောင်နှင့်ဒေါ်ယု တို့လင်မယားပါ တစ်ပါတည်း လိုက်လာကြသည်။

"မမနု . . ဘာမှမဖြစ်ဘူး . . သိလား . . ."





ဒေါ်ယုက မမနုလက်ကို ဆုပ်ထားရင်းက အားပေးသည်၊ မမနုက ခေါင်းကိုခါသည်။

"မျက် . . . လ . . . လုံးတွေ . . . ပ . . . ပြာလာပြီ"

"မဟုတ်ဘူး . . မဟုတ်ဘူး . . မမနု ဘာမှမဖြစ်ဘူး . . အားတင်းထားစမ်းပါ မမနုရယ် . . ကိုယ့်ကို ကလေးလေးမွေးပေးဦးမယ် . . . . ဆို . . . မမနု . . . မမနု . . ."

တိုးမောင်၏စကားတို့ကို မမနုမတုံ့ပြန်နိုင်တော့ ဆတ်ခနဲ မျက်လွှာချကာသွားသည်။

"မမ . . . နု . . ."

တိုးမောင် သွေးရူးသွေးတန်းဖြင့် အာခေါင်ခြစ်ကာ အော်သည်။

www.burmeseclassic.com

www.burmeseclassic.com

“လန့်ပြီး

သတိလစ်သွားတာပါ . . သွေးထွက်များတယ် ဆိုတာက နဖူးမှာပေါက်ပြဲဒဏ်ရာရသွားလို့ပါ . . . ”

“ဒါ . . . ဒါဖြင့် . . မမနု . . ဘာမှမဖြစ်ဘူးပေါ့နော်”

တိုးမောင်က ဆရာဝန်ကို ဝမ်းသာအားရဖြင့် မေးသည်။

“ဟုတ်ကဲ့ . . နဖူးက ဒဏ်ရာက နည်းနည်းလေး ကြီးတယ် ဆိုပေမယ့် စိုးရိမ်စရာမရှိပါဘူး . . . ”

ဆရာဝန်က ပြုံး၍ဆိုသည်။

“ဒါနဲ့ဒေါက်တာ . . ကျွန်မ ချွေးမမှာက ကိုယ်ဝန်ရှိ . . ”

ဒေါ်ယု စကားမဆုံးခင်မှာ ဆရာဝန်က လက်ကာပြသည်မို့ ဒေါ်ယုစကားတို့ လမ်းတစ်ဝက်မှာပင် ရပ်တန့်ကာ သွားသည်။

“လူနာရှင် စောစောကပြောလို့ စမ်းသပ်ကြည့်ပြီးပါပြီ . . ကံကောင်းထောက်မစွာနဲ့ပဲ ဗိုက်ထဲက ကိုယ်ဝန် ဘာမှမဖြစ်ပါဘူး”

“ကျေးဇူးတင်လိုက်တာ ဆရာရယ် . . . ဝမ်းသာလိုက်တာ ဗျာ . . ”





တိုးမောင်က လက်သီးကြီးဆုပ်ကာ ဝမ်းသာအားရဖြင့် ဆိုသည်။

“လူနာ . . . သတိရပါပြီ . . . ”

အခန်းထဲမှ ထွက်လာသော နာ့စ်မ၏သတင်းပေးမှုကြောင့် တိုးမောင်တစ်ယောက် ဝုန်းခနဲ အခန်းထဲဝင်၍ ပြေးသည်။

“မမနု . . . ”

“. . . . . . . . . ”

မမနုက ဘာစကားမှမဆိုဘဲ ခပ်ယဲ့ယဲ့ပြုံးပြသည်။

“မမနု . . . သက်သာရဲ့လားဟင် . . . ”

တိုးမောင်၏အမေးကို မမနုက မျက်လွှာချပြရင်း ‘အင်း’ ဟု ဆိုသည်။

“အခုဖြစ်သွားတဲ့ အက်ဆီးဒင့်မှာလေ . . . ဗိုက်ထဲက ကိုယ်ဝန် ဘာ . . . မှ မဖြစ်ဘူးတဲ့ သိလား . . အခုပဲ မေကြီးတို့ မေးထားတာ . . . ”

ဒေါ်ယုက တိုးမောင်ဘေးမှာဝင်ထိုင်ရင်း အားတက်သရော ဆိုသည်။ ထိုစကားကြောင့် မမနုက ‘ဟုတ်လား’ ဟု ဝမ်းသာအားရဖြင့် ခပ်ယဲ့ယဲ့ဆိုသည်။ မျက်ရည်များ ဝိုင်းလာသည်အထိ ဝမ်းသာနေရှာသော ချွေးမဖြစ်သူကိုကြည့်ရင်း ဒေါ်ယု သနားသွားရသည်။

“ကဲပါ . . မင်းတို့ စကားဝိုင်းများနေကြတာနဲ့ . . ငါ့ချွေးမ ဗိုက်ထဲက ငါ့မြေးလေး လန့်သွားပါဦးမယ်ကွာ . . ဖယ်စမ်း . . . ”

ပြုံးဖြီးဖြီးဖြင့်ဆိုသော ဦးဖြိုးမောင်၏ ရွှတ်နောက်နောက် အဆိုကြောင့် အားလုံးက ပြုံးဖြစ်ကြသည်။

“မမနု . . အားရှိအောင် အားမွေးလိုက်ဦးနော် . . . ”

တိုးမောင်က မမနု၏လက်ကို ဆုပ်ကိုင်ကာထားရင်းမှ ညင်သာစွာဆိုသည်။ မမနုက ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးမောင်က မိခင်ဖြစ်သူဒေါ်ယုဘက်သို့ လှည့်ရင်း . . .

"မြေးချီရတော့မယ်ဆိုလို့ ပျော်နေတယ်ပေါ့ . . ."

"ဒါပေါ့ . . ."

တိုးမောင်၏အမေးကို မျက်နှာချီရင်း ဖြေသည်။

"အခုကတည်းက ဖေကြီးတို့၊ မေကြီးတို့ကို တစ်ခါတည်း ပြောထားမယ်နော် . . ကလေးကိုချီရင် အချိန်ပိုင်းနဲ့ပဲ ချီရမယ် . . အကြာကြီး မချီထားရဘူး . . . ဒါပဲ . . ."

တိုးမောင်၏ ပြောင်ချော်ချော်စကားကြောင့် ဒေါ်ယုက တိုးမောင်၏ နားရွက်ကို ဆွဲလိမ်သည်။ ပြီး . . .

"အား . . . . နာတယ် . . . မေကြီးရ"

ဟု ဆိုနေသော တိုးမောင်ကို . . . .

"ငါ့မြေးကို ငါချီချင်သလောက် ချီမယ် . . ငါ့သဘော . . . လာပြီး အခုကတည်းက မဏ္ဍပ်တိုင်တက်ပြမနေနဲ့ . . ပါးပိတ်တီး လိုက်ဦးမယ် . . . ဟွန်း . . ."

ဒေါ်ယု၏ အံကြိတ်ရင်းဆိုသောစကားကြောင့် အားလုံးက ဝါးခနဲ ရယ်ဖြစ်ကြသည်။ ပီတိဖြစ်လွန်းလို့လားတော့ မသိ။ မမနု၏ မျက်ဝန်းမှာ မျက်ရည်စတို့ပင် ဝေ့သီကာနေသည်။

## အနှစ်သုံးဆယ်ကျော်ကြာသော် ......

www.burmeseclassic.com

www.burmeseclassic.com

"ဖေကြီးရေ . .

မေကြီးရေ . ."

အိမ်ရှေ့မှခေါ်သံကြောင့် ဦးတိုးမောင်က သတင်းစာ ဖတ်နေရာမှ တစ်ချက်မော့ကြည့်သည်။ ဒေါ်ဝင်းနုချောသန့်ကတော့ ပုတီးစိပ်မပျက်။ ဦးတိုးမောင်က ဘေးမှ ဒေါ်နုကို လက်တို့သည်။

"မမနု . . သား ပြန်လာပြီ . . အိမ်ရှေ့က ခေါ်နေတယ်"

ဦးတိုးမောင်၏စကားကို ဒေါ်နုက မကြား။ 'ဘာ' ဟု ဆိုသည်။

"မမနုရဲ့သား ပြန်လာပြီလို့ ပြောတာ . . ကြားလား"

ဦးတိုးမောင်က စိတ်မရှည်သလိုဖြင့် အကျယ်ကြီးအော်ပြောသည်။ ဒေါ်နုက ဦးတိုးမောင်ကို မျက်မှောင်ကုတ်ကာ ကြည့်သည်။

"ကျုပ် နားမလေးဘူး . . တိုးတိုးပြောပါတော့ . . ကဲ . . ပြော . . စောစောက ရှင်ပြောတာလေ . . ဘာဟင်းလေး စားချင်တာ . . ."

ဒေါ်နု၏ ခပ်တည်တည်အမေးကြောင့် ဦးတိုးမောင်က ခေါင်းကို တဗျင်းဗျင်းကုတ်သည်။ ပြီး စိတ်ညစ်ညစ်နှင့်ပင် . . .





"နားမလေးဘူးလည်း ပြောသေးတယ် . . ကြားလိုက်ရင်တလွဲ . . သူ့ကို တစ်နေ့ တစ်နေ့ အော်ပြောနေရတာနဲ့ပဲ လိပ်ခေါင်းထွက်တော့မယ် . . ."

"အမလေး . . နဂိုကတည်းက ရှိပြီးသားပါတော် . ."

ဒေါ်နု၏စကားကြောင့် ဦးတိုးမောင်က 'ဘာကွ' ဟု အော်သည်။

"ဩော် . . တော်စားချင်တဲ့ ပုဇွန်ဆီပြန်ကို ကျုပ် ချက်ကျွေးပါမယ် . . . နဂိုကတည်းက ပုဇွန်ရှိပြီးသားလို့ ပြောတာ . ."

အပြောကတခြား၊ သဘောပေါက်သည်က တခြားဖြစ်ကာနေသော ဦးတိုးမောင်တို့လင်မယားရှေ့ကို သားဖြစ်သူ စိုးမောင်ရောက်လာသည်။

"ဘာလဲ သား . . အိမ်ရှေ့ကတည်းက ငါတို့ကို အော်ခေါ်လာရတာက ဘာကိစ္စရှိလို့တုံး . . ."

"သား ပြောစရာရှိလို့ပါ ဖေကြီး . . ."

"အေး . . . ပြော . . ."

"သား . . သား . . . မွှေးဆိုတဲ့ ကောင်မလေးကို ခိုးလာခဲ့ပြီ ဖေကြီး . . ."

"ဘာ . . ."

ဦးတိုးမောင်၏ လက်ထဲမှ သတင်းစာက ဖျတ်ခနဲ လွင့်ကျသွားသည်။ ဒေါ်နုက အံ့အားတသင့်ကြီး ဖြစ်ကာနေသော ဦးတိုးမောင်၏အမူအရာကိုကြည့်ကာ . . .

"သားက ဘာပြောလို့ တော်က လန့်ဖျပ်အံ့ဩသွားရတာတုံး . . ."

"မွှေးဆိုတဲ့ကောင်မလေးကို ခိုးလာခဲ့ပြီတဲ့ . . . မင်းသားခိုးလာတာက မွှေးတဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ခွေး . . . ဟဲ့ . . အမလေး . . သားရယ် . . ဘာကိစ္စ ခိုးလာတာတုံး . . လိုချင်ရင် ဝယ်ပေးမှာပေါ့ သားရယ် . . ဘာကိစ္စ ခွေးသူခိုးဘဝအရောက်ခံရတာတုံး . . ."

ဒေါ်နု၏စကားကြောင့် ဦးတိုးမောင်ရော၊ သားဖြစ်သူ စိုးမောင်ပါ ငိုချင်ချင်ဖြစ်သွားကြသည်။

"ဟဲ့ . . . ဆူညံ ဆူညံနဲ့ ဘာဖြစ်နေတာတုံး . . ."

ပြောရင်းဆိုရင်းနှင့်ပင် အဘိုးဖြစ်သူ ဦးဖြိုးမောင်နှင့် အဘွားဖြစ်သူ ဒေါ်ယုတို့ဧည့်ခန်းထဲသို့ ရောက်ချလာသည်။

"ဒီမှာ အမေရေ . . အမေတို့မြေး . . မိန်းမခိုးလာပြီတဲ့ . . သူခိုးလာတဲ့ ကောင်မလေးနာမည်က မွှေးတဲ့ . . ."

"ဘာ . . ."

ဒေါ်ယုက မြေးဖြစ်သူကိုကြည့်ရင်း ရင်ဘတ်ကို ဖိသည်။ ပြီး . . .

"အမလေး ငါ့မြေး စိုးမောင်ရယ် . . အခုမှ မင်းအသက် သုံးဆယ်ကျော်လေးပဲ ရှိသေးတယ် . . မိန်းမယူစရာလား . . ဘယ်အချိန်ထယူယူ ရနေတဲ့ဟာကို . . ."

"ဟာကွာ . . . မင်းကလည်း ယူပဲယူလာခဲ့ပြီပဲကွာ . . မိသားဖသားပီပီ စီစဉ်ပေးရတော့မှာပေါ့ . . ."

ဒေါ်ယု၏စကားအဆုံးမှာ ဦးဖြိုးမောင်က ဆိုသည်။ ဦးတိုးမောင်က သက်ပြင်းကိုချပြီး . . .

"ကဲ . . . ကဲ . . အခု သူက ဘယ်မှာလဲ . . ."

"မဝင်ရဲသေးလို့ အိမ်အပြင်မှာစောင့်နေတယ် အဖေ"

ဟု စိုးမောင်က ဝမ်းသာအားရ ဆိုသည်။ ဦးတိုးမောင်က သက်ပြင်းကိုထပ်ချသည်။

"ကဲကွာ . . . ခေါ်လိုက် . . . ခေါ်လိုက် . . ."





ဦးတိုးမောင်၏စကားကြောင့် စိုးမောင်တစ်ယောက် ပျော်သွားသည်။ ဝမ်းသာအားရနှင့်ပင် အိမ်ဝဘက်လှည့်ကာ . . .

"သွယ်သွယ်မွှေးရေ . . ဖေကြီးတို့က ဝင်လာခဲ့တဲ့ . . ."

စိုးမောင်၏ခေါ်သံအဆုံးမှာ အပေါက်ဝမှ လိမ့်ကာ လိမ့်ကာဖြင့် ဝင်လာသောသူကိုကြည့်ပြီး ဒေါ်ယုက ထအော်သည်။

"ဟဲ့ . . . ဘူကြီးတုံး . . အဲလေ . . . ဘာကြီးတုံး . ."

ဦးဖြိုးမောင်ကလည်း . . .

"သွယ်သွယ်မွှေး ဝင်ခဲ့ပါဆိုတဲ့ဥစ္စာ . . . ဘယ်က စည်ပိုင်းကြီး လိမ့်ဝင်လာတာတုံး . . ."

ဦးဖြိုးမောင်၏ စကားကြောင့် မြေးဖြစ်သူ စိုးမောင်တ မျက်နှာအပျက်ကြီးပျက်ကာ သွားသည်။

"အာ . . . ဘိုးဘိုးကလည်း ဘယ်က စည်ပိုင်းကြီးရမှာလဲ . . အဲဒါ သားရဲ့မိန်းမဗျ . . သွယ်သွယ်မွှေးတဲ့ . . ."

"ဘာ . . . ဒီစည်ပိုင်း . . . အဲလေ . . ဒါကြီးက မင်းမိန်းမ . . ဒါကြီးကို သွယ်သွယ်မွှေး . . ဟုတ်လား . . ."

ဦးတိုးမောင်က စိုးမောင်၏စကားအဆုံးမှာ အလန့်တကြားဖြင့်ဆိုသည်။ စိုးမောင်ဘေးမှာရပ်နေသော သွယ်သွယ်မွှေးဆိုသူက 'ဟုတ်' ဟု တစ်ခွန်းတည်းဆိုသည်။

"ဟဲ့ . . . သား စိုးမောင် . . နင့်ဘေးမှာ ဆောင်ထားတာ အဝတ်ဗီရိုကြီးလား . ."

ဒေါ်နုက နားလေးသည်မို့ အားလုံး အုတ်အော်သောင်းဘင်းဖြစ်နေသမျှကို ဘာမှမကြား။

မျက်စိကလည်း မှုန်တဲတဲမို့ သား၏ဘေးမှာရပ်နေသော ခွေးမလောင်းကို အဝတ်ဗီရိုဟု ထင်မှတ်မှားနေလေသည်။

"အာ . . . အမေကလည်း မမြင်မစမ်းနဲ့ . . ရမ်းသမ်းမပြော



www.burmeseclassic.com

www.burmeseclassic.com



နေပြန်ပြီ . . ဒါ သားမိန်းမ . . မွေးဗျ . . မွေး . . .”

စိုးမောင်က ဝိုချင်သံကြီးဖြင့် ထအော်သည်။ သို့သော် ဒေါ်နု ကြားသည်က . . .

“ဘာ . . ခွေး . . . ဟုတ်လား . . ဟဲ့ . . . ငါ့ကို ကန်းနေတယ်များ ထင်လို့လား . . အဝတ်ဗီရိုကြီးကို ထောင်ထားတာများ . . ဟား ဟား ဟား . . ဗီရိုမဟုတ်ရင် ပန်းကန်စင်ပဲ . . .”

ဒေါ်နု ကြားလိုက်မှုပို၍ဆိုးသွားတော့သည်။ ထို့ကြောင့် ဘေးမှာရှိနေသော ဦးတိုးမောင်က အသံကျယ်ကျယ်ဖြင့် . . .

“အဲဒါ . . အဝတ်ဗီရိုထောင်ထားတာ . . မဟုတ်ဘူး . . အဲဒါ မင်းရဲ့သား ခိုးလာတဲ့ မိန်းမတဲ့ . . အဲဒါ မင်းရဲ့ချွေးမ . . .”

ဒီတစ်ခါတော့ ဒေါ်နု ကောင်းကောင်းကြီး ကြားသွားဟန်တူသည်။

“ဟင် . . . ဒါဖြင့် . . . လူပေါ့ . . .”

“အာ . . မင်းသားရဲ့မိန်းမပါဆိုမှ လူပေါ့ဟ . . .”

“အြော် . . ကျုပ် ထင်တော့ထင်သား . . ဗီရိုက ဒီလောက်တော့ မကြီးလောက်ပါဘူးလို့ . . .”

ဒေါ်နု ပြောလိုက်မှပဲ ပိုပို၍ဆိုးတော့သည်။

“ဒါနဲ့ နာမည်က ဘာ . . .”

“သွယ်သွယ်မွှေး . . . တဲ့ . . .”

ဦးတိုးမောင်က အော်၍ဆိုသည်။ ဒေါ်နုက . . .

“အမလေးလေး . . . ဒါကြီးက သွယ်သွယ်မွှေးလား . . နာမည်နဲ့လူနဲ့ လိုက်လိုက်တာကွယ် . . . သွယ်နေလိုက်တာများ . . သွယ် သွယ် သွယ် သွယ်နဲ့တောင် မြည်နေသေး . . ဝေါ့ . .”

ဒေါ်နုက ရင်ဘတ်ကိုဖိရင်းက မျက်နှာကြီးရှုံ့မဲ့ကာ ဆိုသည်။





“ကြည့်ရတာ . . ရုပ်ကတော့ နုနုလေးပါ . . အသက်ဘယ်လောက်ရှိပြီလဲ . . .”

ဒေါ်ယုက မြေးဖြစ်သူကို မေးသည်။ စိုးမောင်က မဖြေ။ သူ့ချစ်ဇနီးဘက်လှည့်ကာ ‘ဖြေလိုက်လေ’ ဟူသော သဘောဖြင့် မေးဆတ်ပြသည်။

“ဟိုလေ . . . သွယ့်အသက်က နှစ်ဆယ်ပါ . . .”

“ဟေ . . . ဒါဖြင့် ငါတို့ မြေးလေးထက် . . ဆယ်နှစ်ကျော်လောက် ငယ်တာပေါ့ . . .”

“ဟုတ် . . .”

ဦးဖြိုးမောင်၏အမေးကို သွယ်က ‘ဟုတ်’ ဟု တစ်ခွန်းတည်းဖြေသည်။

“ထိုင်လေ . . မတ်တတ်ကြီးဆိုတော့ ညောင်းတာပေါ့”

ဦးဖြိုးမောင်၏အဆိုကို သွယ်က ‘ဟုတ်’ ဟု ဆိုရင်း စိုးမောင်ဘေးမှာ ဝင်ကာထိုင်သည်။

“ခေါင်းတွေအုံပြီး ဇက်ကြောတွေတောင် တက်လာသလိုပဲ”

ဒေါ်ယုက ခေါင်းကို ဘယ်ညာချိုးရင်း ဆိုသည်။

“ကြည့်ရတာ . . နင်းနှိပ်ပြီး အပူထုတ်ဖို့ လိုနေတယ်နဲ့တူတယ် . . ဘွားဘွားညောင်းနေရင် သွယ် နင်းပေးမယ်လေ . .”

သွယ်သွယ်၏ စကားကြောင့် ဒေါ်ယု တွန့်ခနဲ ဖြစ်ကာသွားသည်။

“အမလေး . . မလုပ်လိုက်ပါနဲ့ . . ဒီခန္ဓာကိုယ်ကြီးနဲ့သာ တက်နင်းလိုက်လို့ကတော့ အနင်းခံရတဲ့လူက လမ်းကြိတ်စက်နဲ့ အကြိတ်ခံရတာကာမှ သက်သာဦးမယ် . . အနင်းတော့မခံပါရစေနဲ့”

“ဒါဖြင့် ဘိုးဘိုးကြီးကော အနှိပ်ခံဦးမလား ဟင် . . မြေးစုခင်လို့ပါ ဘိုးဘိုးရဲ့ . . .”



www.burmeseclassic.com

www.burmeseclassic.com



သွယ်၏ အဆိုကြောင့် ဦးဖြိုးမောင်တစ်ယောက် ဓာတ်လိုက်ခံရသလို တွန့်ကသွားသည်။

“အသက်ကြီးတော့မှ ပတ်တီးမစည်းချင်တော့ပါဘူးကွယ် .. ရပါတယ် . . . ပြုစုချင်တာကိုပဲ သာစုခေါ်ပါတယ်ကွယ် . . ကဲ ကဲ . . နေသာသလို နေရစ်ကြနော် . . ဘိုးဘိုး နားလိုက်ဦးမယ် .. မိန်းမရေ . . မင်း အနင်းခံချင်ရင် ကျန်ခဲ့လေ . . .”

ဦးဖြိုးမောင်၏စကားကြောင့် ဒေါ်ယုက ဆတ်ခနဲထရပ်သည်။

“ကျုပ်လည်း နားချင်ပြီတော့ . . ကဲ ကဲ သွားရအောင်”

ဒေါ်ယုတို့လင်မယားနှစ်ယောက် မြေးချွေးမကို လှည့်ကြည့် လှည့်ကြည့်ဖြင့် ခပ်သုတ်သုတ် ထွက်ကာသွားသည်။

“သွယ်ကလေ ကိုယ့်ရဲ့ဖေဖေ၊ မေမေ၊ ဘိုးဘိုး၊ ဘွားဘွား အရင်းလိုသဘောထားပြီး နှိပ်ပေးချင်၊ နင်းပေးချင်ပါတယ်ဆိုနေမှ မထူးပါဘူး . . . ဘိုးဘိုးနဲ့ဘွားဘွား သွားပြီဆိုတော့ ဖေကြီးနဲ့မေကြီး တို့တိုပဲ . . . အင်းဟာ . . . အင်းဟာ . . . နဲ့ နင်းပေး၊ နှိပ်ပေးရ တော့မှာပဲ . . .”

သွယ်သွယ်က အင်္ကျီလက်မောင်းကို ပင့်တင်ရင်း စကားကို ဆက်သည်။

“ကဲ . . ကဲ . . ဖေကြီးကို အရင်နှိပ်ပေးရမလား . . မေကြီးကို အရင်နှိပ်ပေးရမလား . . ဒါမှမဟုတ် . . နှစ်ယောက်စလုံးကို စုံနှိပ်ပေးရမလား . . .”

“နေ . . . နေပါစေကွယ် . . သမီးတို့ သွားနားကြတော့လေ . . .”

“နားချင်ဘူး . . နားချင်ဘူး . . . ဖေကြီးတို့ကို ပြုစုချင်တယ် . . အင်းဟာ . . . အင်းဟာနဲ့ကို နင်းပေးချင်သေးတယ်”





“ကဲ . . ကဲ . . ဒီလောက်တောင် နင်းပေးချင်နေရင်လည်း နင့်အဖေကြီးကို နင်းပေးလိုက် . . မေကြီးက . . . မ . . . ညောင်း . . . တာ . . .”

ဒေါ်နု၏စကားကြောင့် အားလုံးက အံ့အားသင့်သွားကြသည်။ စိုးမောင်က . . .

“ဟင် . . . မေကြီးက ဒါမျိုးကျတော့ ကြားတယ်ပေါ့ .. ဟုတ်လား . . .”

ဒေါ်နုက ခပ်ကည်တည်ပင် ထရပ်ပြီး ခါးထောက်ကာ . .

“အေး . . . ငါက ကြားသင့်တာဆို ကြားတယ် . . ကဲ . . သွားမယ် . .”

အခြေအနေ မဟန်သည်မို့ ဦးတိုးမောင်ကလည်း ထလစ်ရန် ထရပ်ရင်း . . .

“မိန်းမရေ . . . စောင့်ပါဦးဟ . . .”

ဟု လှမ်းအော်သည်။

သို့သော် သွယ်သွယ်က ဦးတိုးမောင်ထက် လက်သွက်သည်။ ဝုန်းခနဲ ထလာပြီး ဦးတိုးမောင်၏ကုပ်ကို ဇိခနဲဆွဲကာ ထားသည်။

အားချင်းမမျှသည်မို့ ရုန်းသော်လည်းမရ။ ယက်ကန် ယက်ကန်ဖြင့် ခုံမှာ ပြန်ထိုင်လိုက်ရသည်။

“မပြီ . . . ဖေကြီးကိုပဲ အား . . . ရ . . . . ပါး . . . ရ နှိပ်ပေးတော့ . . . . မယ် . . . .”

ပြောပြောဆိုဆိုပင် သွယ်သွယ်က . . . .

“လာလေ . . . .”

ဟု ကြိမ်းဝါးလိုက်ရင်း စနှိပ်သည်။

ဇိအကုပ်ခံလိုက်ရသော ဦးတိုးမောင်ကတော့ အနန္တော အနန္တငါးပါးကိုအာရုံပြုကာ မျက်နှာကြီးရှုံ့မဲ့ရင်း အနှိပ်ခံကာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးမောင်ကတော့ မယားအလိမ္မာလေးကို ပီတိဖြာကာ ကြည့်လို့နေသည်။ ဦးတိုးမောင်တစ်ယောက် ဘုရားတ,ကာ အနှိပ်ခံနေသလို နှိပ်ပေးသူ သွယ်သွယ်ကလည်း သီချင်းလေးတအေးအေး ဖြင့် စိတ်ပါလက်ပါကြီးကို နှိပ်ပေးလို့နေသည်။

ဆိုနေသော သီချင်းကတော့ ဦးတိုးမောင်တို့မိသားစု ရင်းနှီးနေပြီးသား သီချင်းဖြစ်သည်။ သီချင်းကတော့ . . . .

"ဖေဖေကြီး × × × × × × × × × ဖေဖေကြီး × × × × × × × ဖေဖေကြီးကို ချစ်တယ် × × × × × × × × × ဒို ဖေဖေကြီး × × × × × × × ဖေဖေကြီး × × × × × × ဖေဖေကြီးကို ချစ်တယ် × × × × × × × × × ×"

ရယ်မော ပျော်ရွှင်နိုင်ကြပါစေ . . . .

ပြည့်ပိုင်မှူးအိမ်

BURMESE CLASSIC .com

www.burmeseclassic.com